# ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့၊ (15-6-2006) (၄၉၈၉)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မကွေးတိုင်းသည် နိုင်ငံတော်၏ စီးပွားရေးတွင် အားထားရ စပါးစိုက်ပျိုးမှု ရည်မှန်းချက်ကေ ၁၀သိန်း ပြည့်မီအောင်စိုက်ပျိုး စိုက်ပျိုးမြေနှင့် စိုက်ပျိုးရေ တိုးချဲ့ရရှိရေး နည်းလမ်းစုံဖြင့်ရှာဖွေ

နေပြည်တော် ဇွန် ၁၄

**မကွေးတိုင်း မကွေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဇွန် ၁၂ရက် နံနက်ပိုင်းတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အတူ မကွေးမြို့ရောင်လမ်းရှိ လမ်းဘေး ဝဲ/ယာတို့၌ ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးသည်။**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မကွေးမြို့နယ်ကွင်းအမှတ်(၂၉၀၄)၌ တောင်သူများစိုက်ပျိုးထားသည့် နှမ်းစိုက်ခင်း၏အောင်မြင်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြို့ရောင်လမ်း၏ အောင်ပုံကျေးရွာအနီး၌ ကျင်းပသည့် မကွေးတပ်နယ် ခြစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့တက်ရောက်၍ တပ်ရင်း၊တပ်ဖွဲ့မှူးများအား ခြစည်းရိုးကြက်ဆူပင်များကို ဝေငှပေးပြီး ခြစည်းရိုးကြက်ဆူပင်ကို စတင်စိုက်ပျိုးပေးသည်။

ထို့နောက် တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများက စိုက်ခင်း ၁၅ဧက၌ ခြစည်းရိုးကြက်ဆူပင် ၁၈၀၀၀ကို စုပေါင်းစိုက်ပျိုးကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြို့ရောင်လမ်း၏ ဝဲ/ယာရှိ တိုင်းရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံး၏ ခြစည်းရိုးကြက်ဆူပင် ၁၅ဧက၌ အပင် ၁၈၀၀၀ စိုက်ပျိုးထားသည့် စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး သစ်တောဦးစီးဌာန ခြစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်၍ လူမှုရေးအသင်း အဖွဲ့ဝင်များ၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧

**အင်တာနက် ကျန်းမာရေးသတင်း**

## အရက်နှင့် ဆက်နွယ်နေသော အသည်းရောဂါ ကော်ဖီသောက်သုံးခြင်းဖြင့် ကာကွယ်နိုင်

**လန်ဒန် ဇွန် ၁၄**

ကော်ဖီသောက်သုံးခြင်းသည် အရက်သောက်သုံးမှုနှင့် ဆက်နွယ်နေသော အသည်းရောဂါမဖြစ်ပွားစေရန် တားဆီးကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနလေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ၌ အမျိုးသားနှင့် အမျိုးသမီးဦးရေ ၁၂၅၅၈၀ တို့ကို အခြေခံ၍ နှစ်ပေါင်း ၂၀ ကြာမျှ စောင့်ကြည့်လေ့လာခဲ့ရာတွင် နေ့စဉ် ကော်ဖီတစ်ခွက်သောက်သုံးပါက အသည်းအမာရွတ်စွဲသည့်ရောဂါ (alcoholic cirrhosis) ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ် ၂၂ ရာခိုင်နှုန်းလျော့ကျနိုင်ကြောင်း တွေ့ရှိရသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❊

**ကော်ဖီသောက်သုံးခြင်းဖြင့် အရက်သောက်သုံးမှုနှင့် ဆက်နွယ်သော အသည်းရောဂါ ဖြစ်ပွားမှုမှ ကာကွယ်ပေးနိုင်ဖွယ် ရှိသည်။**

**ဆောင်းပါး အညွှန်း**

**ပျော့ခြင်း၊ မာခြင်း၊ နူးညံ့ခြင်း၊ ကြမ်းတမ်းခြင်း စသည့် အရည်အသွေး ဂုဏ်သတ္တိများကြောင့် ရော်ဘာကို ကမ္ဘာအနှံ့အပြား၌ ပုံစံအမျိုးမျိုးဖြင့် အသုံးပြုလျက်ရှိကြသည်။ ရော်ဘာအစေးမထွက်နိုင်တော့သည့် ပင်အိုများမှ ရော်ဘာသစ်အဖြစ် ထုတ်ယူနိုင်ပြီး ပရိဘောဂများ ပြုလုပ်နိုင်ခြင်း၊ အရွက်များမှ အလှပန်းများ ပြုလုပ်နိုင်ခြင်း၊ အကိုင်းအခက်များကို ထင်းအဖြစ် အသုံးပြုနိုင်ခြင်း စသည့် အချက်အလက်များကြောင့် ရော်ဘာပင်သည် တစ်ပင်လုံးအသုံးဝင်သော နှစ်ရှည်သီးနှံပင်ဖြစ်သည်။**

ကြည်မြတ်(နှစ်ရှည်ပင်)၏
**"တစ်ခေတ်ဆန်းသစ်လာသည့် မြန်မာ့ရော်ဘာ"**
ဆောင်းပါး (စာမျက်နှာ–၃)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

(15-6)01.P65 1 1/1/32, 12:46 AM

ကြေးမုံ The Mirror

၁၅–၆–၂၀၀၆
(ကြာသပတေးနေ့)

## ကုန်စည်စီးဆင်းမှုသွက်လက် ဒေသစီးပွားတိုးတက်

ယနေ့အချိန်အခါတွင် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်အပိုင်းက ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအား ကူညီပံ့ပိုးပေးနေသည်။ နိုင်ငံ၏နေအင်အား တောင့်တင်းခိုင်မာရေးတွင် ပင်မစီးပွားရေး အခြေခံဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် စိုက်ပျိုးရေ ရရှိရေးအပါအဝင် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်း၌ မြေလွတ်မြေရိုင်းများကိုဖော်ထုတ်၍ စပါး၊ ပဲမျိုးစုံ၊ ဆီအုန်း၊ ရော်ဘာ စသည့် ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို စိုက်ပျိုးလျက်ရှိသည်။ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များနှင့် စိုက်ပျိုးမွေးမြူသူများက ပြည်ပပို့ကုန်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နေကြသည်။ တိရစ္ဆာန်မွေးမြူရေးနှင့် ရေထွက်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းများကို အကျိုးတူပူးပေါင်း ဆောင်ရွက်နေကြပြီဖြစ်သည်။

ရခိုင်ပြည်နယ်သည် ရေမြေသယံဇာတကြွယ်ဝပြီး စီးပွားရေးတိုးတက်ဖြစ်ထွန်းနိုင်သည့် အခြေခံကောင်းများရှိသည်။ လမ်းပန်းဆက်သွယ်ရေးတွင် ရန်ကုန်–အမ်း–စစ်တွေလမ်း၊ ရန်ကုန်–တောင်ကုတ်–ကျောက်ဖြူလမ်း၊ ရန်ကုန်–သိုင်းချောင်း–ဂွ–သံတွဲလမ်းမကြီးများနှင့် ပေ ၁၈၀ နှင့်အထက် တံတားကြီး ၃၄ စင်းတို့ကို ဖောက်လုပ် တည်ဆောက်ပေးထားပြီးဖြစ်သည်။ ကူးသန်းဆက်သွယ်သွားလာရန်လွယ်ကူသဖြင့် စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် အလားအလာကောင်းများ ရရှိနေပြီဖြစ်သည်။

စိုက်ပျိုးရေးအနေဖြင့် ယမန်နှစ်က မိုးစပါးဧက ၁၁ သိန်း စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်၌ မိုးစပါးဧက ၁၂ သိန်းနှင့် ဇီဝလောင်စာဆီ ထုတ်ယူနိုင်မည့် ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုးရန် စီစဉ်လုပ်ကိုင်လျက်ရှိသည်။ မြေလွတ်မြေရိုင်းများ ဖော်ထုတ်စိုက်ပျိုးရေးနှင့် သီးနှံတစ်ဧကအထွက်တိုးရေးအတွက် အားထုတ်ကြရမည်ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း ကမ်းလွန်ပင်လယ်ပြင်တွင် စီးပွားဖြစ်သဘာဝဓာတ်ငွေ့သိုက်များ တိုးချဲ့ရှာဖွေထုတ်လုပ်လျက်ရှိပြီး ပင်လယ်ငါးဖမ်းလုပ်ငန်းနှင့် ပုစွန်မွေးမြူရေးလုပ်ငန်းများ အောင်မြင်နေသည်။ သာယာလှပသော အပန်းဖြေကမ်းခြေများနှင့် ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများကို အခြေခံသည့် ခရီးသွားလုပ်ငန်း အောင်မြင်ဖြစ်ထွန်းနိုင်သည်။

တည်ငြိမ်အေးချမ်းမှုရှိခြင်း၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ခြင်း၊ ရေမြေသဘာဝ သယံဇာတ ပေါများကြွယ်ဝခြင်း၊ ကုန်စည်စီးဆင်းမှု သွက်လက်ကောင်းမွန်လာခြင်းတို့သည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံ လိုအပ်ချက်များဖြစ်သည်။ ရခိုင်ပြည်နယ်အနေဖြင့် အဆိုပါ အခြေခံလိုအပ်ချက်များ ပြည့်စုံကောင်းမွန်လျက်ရှိရာ ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက အားကြိုးမာန်တက် ပေါင်းစည်းဆောင်ရွက်ကြခြင်းဖြင့် ဒေသ၏စီးပွားရေး ပိုမိုတိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ၂၀၀၆ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ အခမ်းအနားကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇွန် ၁၄

**မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။**

### တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကြံပေးပုဂ္ဂိုလ် ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးတင်ညွှန့်၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာ လှမြင့်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သွေးလှူရှင် စည်းရုံးပေးသူများ၊ သွေးလှူဒါန်းရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သွေးလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### လေးစားဂုဏ်ပြု

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့သည် ကမ္ဘာတစ်ဝန်းလုံး၌ရှိသည့် စေတနာသွေးလှူရှင်များ၏ မွန်မြတ်သည့် ကရုဏာစိတ်ကို အသိအမှတ်ပြုဖော်ထုတ်သည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ ကမ္ဘာ့သွေးလှူရှင်များနေ့သည် ကမ္ဘာတစ်ဝန်းလုံးက အကျိုးအမြတ် တစ်စုံတစ်ရာကို မမျှော်လင့်ဘဲ စေတနာအလျောက် မိမိခန္ဓာကိုယ်ထဲက သွေးကို လိုအပ်နေသည့် သူများအတွက် အလှူဒါနပြုသူတွေကို လေးစားဂုဏ်ပြုသည့်နေ့လည်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် မြန်မာနိုင်ငံသွေးဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီး သွေးနှင့်သက်ဆိုင်သည့် လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်ရန် ခွင့်ပြုပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သွေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်သူ့ဆေးရုံကြီးများ၏ သွေးလိုအပ်ချက်တွေကို ဒေသအတွင်းက စေတနာသွေးလှူရှင်များထံမှ ရယူနေကြသည်ကို တွေ့ရကြောင်း၊ သွေးလိုအပ်နေသည့်အချိန်တွင် ဒေသဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် သွေးလှူရှင်စုဆောင်းရေးလုပ်ငန်းတွေကိုဆောင်ရွက်ပေးနေကြသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့်လည်း ပြည်နယ်၊ တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီများက ကြီးမှူး၍ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ပံ့ပိုးမှုဖြင့် သွေးလှူရှင်များ စုဆောင်းခြင်းနှင့် သွေးလှူဒါန်းခြင်းများကို ပံ့ပိုးကူညီလျက်ရှိကြောင်း၊ ယခုလို လူမှုရေးအသင်းအဖွဲ့များနှင့် သွေးလှူရှင်အသင်းများကလည်း မိမိတို့အစီအစဉ်ဖြင့် သွေးလှူဘဏ်များနှင့် ဆက်သွယ်၍ လှူဒါန်းနေကြသည့်အတွက် နှစ်ထောင်းအားရဖြစ်မိပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာ လှမြင့်က အမှာစကားပြောကြားသည်။

### ချီးမြှင့်

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အကြိမ်(၁၁၀)အထက် သွေးလှူရှင်များအား ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော မြန်မာနိုင်ငံကြက်ခြေနီအသင်း လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေးက သွေးလှူရှင် စည်းရုံးရေးလုပ်ငန်းများတွင် ပံ့ပိုးကူညီပေးကြသည့် အလှူရှင်များအား လည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက သွေးလှူရှင်အသင်းများအား လည်းကောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကြံပေးပုဂ္ဂိုလ် ဒေါက်တာဒေါ်ခင်ဆန်းနွယ်က တက္ကသိုလ်၊ ကောလိပ် ကြက်ခြေနီအသင်းများအားလည်းကောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာလှမြင့်က မြို့နယ်ကြက်ခြေနီအသင်းများအားလည်းကောင်း ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများ အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် သွေးလှူရှင်များသည် သူနာပြုတက္ကသိုလ်၌ သွေးများ စုပေါင်းလှူဒါန်းကြသည်။

(သတင်းစဉ်)

### ပေးအပ်ချီးမြှင့်

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း အကြိမ်(၁၁၀)အထက် သွေးလှူရှင်တစ်ဦးအား ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

## စတုတ္ထအကြိမ်စာပေညီလာခံ ဂုဏ်ပြုငွေလှူဒါန်း

**ရန်ကုန် ဇွန် ၁၄**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ စာရေးဆရာ ဦးဗိုလ်မြင့်(ဗိုလ်မြင့်)က ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ ရွှေယောကျ်ားတိုင်းရင်းဆေးဘူး ၂၀၀၊ စာရေးဆရာ ဦးခင်မောင်ဦး(ကိုရိုးကွန့်)(အောင်ပင်လယ်မဂ္ဂဇင်း)က ငွေကျပ်နှစ်သောင်း၊ ဒေါ်ခင်ညို(အားကစားချစ်သူဂျာနယ်)က ငွေကျပ်နှစ်သောင်း၊ ပန်းဘဲတန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ(သတင်းထောက်သန်းဆွေ)က ငွေကျပ် ၁၂၀၀၀၊ စာရေးဆရာ ဦးကျော်ခင်မြင့်(မောင်ရင့်ကျူး–မြောင်းမြ)က ငွေကျပ်တစ်သောင်း၊ သာကေတမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ်တစ်သောင်း၊ ပန်းဘဲတန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးမောင်မြင့် (စိန်ဂျွန်းစံမောင်)က ငွေကျပ်ငါးထောင်တို့ကို ယနေ့ လာရောက်ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)နှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

**(အောက်ပုံ)**

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက အမှတ်(၅၂၉)ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့်ရှိ စာပေဗိမာန်(ဒုတိယထပ်) ဖုန်း–၂၅၂၄၁၇၊ ၂၅၄၁၇၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၉)

### ပေးအပ်လှူဒါန်း

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဇော်ဘွားကြီးကုန်း ဗိုလ်တေဇလမ်းနေ ဦးအေးဆွေ၏ (၈၉)နှစ်ပြည့်မွေးနေ့အဖြစ် မိသားစုက ငွေကျပ် ၁၁၁၁၁၁ကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

# တစ်ခေတ်ဆန်းသစ်လာသည့် မြန်မာ့ရော်ဘာ

ကြည်မြတ်
(Ntes\roa\/\pc\)

ကမ္ဘာပေါ်တွင် သိပ္ပံပညာ၊ စက်မှုပညာ တိုးတက်ထွန်းကားလာသည်နှင့်အမျှ ရော်ဘာ၏အရေးပါ အသုံးဝင်မှုမှာလည်း မြင့်မားလျက်ရှိသည်။ ရော်ဘာကိုနေရာအနှံ့အပြားတွင် အသုံးပြုလျက်ရှိသည်။ ပို့ဆောင်ရေးလုပ်ငန်းတွင် အရေးပါသည့် လေယာဉ်ပျံ၊ မော်တော်ကားတို့၏ ဘီးများကို ရော်ဘာဖြင့် ပြုလုပ်ကြသည်။ မော်တော်ယာဉ်တစ်စီးတွင် အင်ဂျင်ပိုင်း၊ ဘော်ဒီပိုင်းနှင့် အောက်ပိုင်းဟူ၍ အဓိကသုံးပိုင်းပါရှိပြီးပစ္စည်းအမည်ပေါင်း ၁၆၀၀ ကျော်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ယင်းအနက် အမည်ပေါင်း ၇၅၀ ကျော်မှာ ရော်ဘာဖြင့် ပြုလုပ်ထားသည့် အစိတ်အပိုင်းများဖြစ်သည်။

သဘာဝရော်ဘာသည် ဆွဲဆန့်နိုင်အားကောင်းခြင်း၊ အမာခံနိုင်သည့်စွမ်းအားရှိခြင်း၊ အပူခံနိုင်မှုကောင်းခြင်း စသည့်အရည်အသွေးများနှင့် ပြည့်စုံသည်။ ကမ္ဘာ့ရော်ဘာ စုစုပေါင်းထုတ်လုပ်မှု၏ ၇၅ရာခိုင်နှုန်းကို မော်တော်ကားတာယာထုတ်လုပ်သည့် လုပ်ငန်းတွင် အသုံးပြုကြသည်။ ရော်ဘာဖြင့်ပြုလုပ်သော တာယာများသည် ပေါ့ပါးပြီးခိုင်ခံ့ကြောင်း တွေ့ရှိရသဖြင့် သဘာဝရော်ဘာ၏ အသုံးပြုမှုနေရာတွင် ရော်ဘာတုဖြင့် အစားထိုးရန် မလွယ်ကူချေ။ ထို့ကြောင့် သဘာဝရော်ဘာ၏ အသုံးပြုမှုသည် ကမ္ဘာတစ်ဝန်းတွင် ကျယ်ပြန့်လာနေခြင်းဖြစ်သည်။

ထို့ပြင် ဖိနပ်လုပ်ငန်းတွင်လည်း ရော်ဘာသည် မရှိမဖြစ်သော ကုန်ကြမ်းတစ်မျိုးဖြစ်ပြီး အောက်ခံပြားကို ရော်ဘာဖြင့်ပြုလုပ်လျှင် ပိုမိုခိုင်ခံ့၍ အစီးခံကြောင်း တွေ့ရသည်။ ရော်ဘာသည် ကမ္ဘာပေါ်ရှိပစ္စည်းများအနက် ရှန်းကန်သတ္တိအများဆုံးရှိပြီး ရေမတင်နိုင်သည့်အပြင် လျှပ်စစ်အပူဓာတ်ကို ခံနိုင်ရည်ရှိခြင်း၊ အပူထိန်းသိမ်းနိုင်ခြင်းစသည့် အစွမ်းသတ္တိများကြောင့် လျှပ်စစ်ပစ္စည်းများ၊ လျှပ်စစ်ကြိုးများ ဓာတ်မလိုက်စေရန် ကာကွယ်သောကြိုးများ ပြုလုပ်ရာ၌ အသုံးပြုကြသည်။ ရေနွေးအိတ်များ၊ စက်ရုံများတွင် ကြမ်းခင်း ရော်ဘာပြားများ ပြုလုပ်၍ သုံးစွဲကြသည်။ ထို့ပြင် ရော်ဘာကို အခြားဓာတုဗေဒ ပစ္စည်းများနှင့် ရောနှောကာ အမျိုးမျိုးစီမံပေးခြင်းဖြင့် လူသုံးကုန်ပစ္စည်း အမြောက်အမြားကို ပြုလုပ်နိုင်ပေပြီ။ ယခုအခါ ရော်ဘာမှလူသုံးပစ္စည်းအမျိုးပေါင်း ၃၀၀၀၀ထက်မနည်း ပြုလုပ်နေကြပြီဖြစ်ကြောင်း သိရှိရသည်။

လယ်ယာသုံးပစ္စည်းများဖြစ်သည့် လယ်ထွန်စက်၊ ကောက်ရိတ်စက်၊ မျိုးစေ့ကြဲစက်တို့၏ ဘီးများမှာလည်း ရော်ဘာဖြင့်ပြုလုပ်သည်။ ရေနံနှင့် ဓာတ်ငွေ့များကို တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်ရာတွင် ရော်ဘာဖြင့် ပြုလုပ်ထားသော ပိုက်လိုင်းများကိုသာ အသုံးပြုကြသည်။

ဆေးရုံသုံးအနေဖြင့် လက်အိတ်များ၊ ခြေတုလက်တုများ၊ ဓာတ်ငွေ့ ကာမျက်နှာဖုံးများတွင်လည်း ထည့်သွင်းအသုံးပြုကြသည်။ အခြား လူ့အသုံးအဆောင်ပစ္စည်းအမျိုးမျိုးဖြစ်သော ခဲဖျက်၊ ဦးထုပ်၊ ဖောင်တိန်၊ တယ်လီဖုန်း စကားပြောခွက်၊ နို့ဘူး၊ နို့သီးခေါင်း၊ အားကစားပစ္စည်းအဖြစ် ဘောလုံး၊ ဂေါက်သီး၊ တင်းနစ်ဘောလုံးအစရှိသည်တို့မှာ ရော်ဘာဖြင့် ပြုလုပ်ကြသည်။ ထို့ကြောင့် ရော်ဘာသည် ပျော့ခြင်း၊ မာခြင်း၊ နူးညံ့ခြင်း၊ ကြမ်းတမ်းခြင်းစသည့် အရည်အသွေးဂုဏ်သတ္တိများကြောင့် ရော်ဘာကို ကမ္ဘာအနှံ့အပြား၌ ပုံစံအမျိုးမျိုးဖြင့် အသုံးပြုလျက်ရှိကြသည်။ ရော်ဘာအစေးမထွက်နိုင်တော့သည့် ပင်အိုများမှ ရော်ဘာသစ်အဖြစ် ထုတ်ယူနိုင်ပြီး ပရိဘောဂများပြုလုပ်နိုင်ခြင်း၊ အရွက်များမှ အလုပန်းများ ပြုလုပ်နိုင်ခြင်း၊ အကိုင်းအခက်များကို ထင်းအဖြစ်အသုံးပြုနိုင်ခြင်း စသည့်အချက်အလက်များကြောင့် ရော်ဘာပင်သည် တစ်ပင်လုံးအသုံးဝင်သော နှစ်ရှည်သီးနှံပင်ဖြစ်သည်။

ရော်ဘာတွင် အဓိကအားဖြင့် သဘာဝရော်ဘာနှင့် ရော်ဘာတုဟူ၍ နှစ်မျိုးခွဲခြားထားသည်။ သဘာဝရော်ဘာသည် ရော်ဘာပင်မှရရှိသော အစေးရည်ကိုခဲစေပြီး အခြောက်ခံ၍ ပြုပြင်ထားသောရော်ဘာကို ဆိုလိုပါသည်။ ရော်ဘာတုဆိုသည်မှာ ရော်ဘာပင်မှရရှိခြင်းမဟုတ်ဘဲ ဓာတုဗေဒနည်းအရ ဖော်စပ်ထားသော ရော်ဘာကို ရော်ဘာတုဟု သတ်မှတ်ခေါ်ဝေါ်သည်။

ယင်းကဲ့သို့ အဘက်ဘက်မှ အသုံးဝင်သောရော်ဘာကို စက်မှုထွန်းကား တိုးတက်လာသည်နှင့်အမျှ အသုံးပြုမှုသည်လည်း ပိုမို၍ တိုးတက်များပြားလာခဲ့သည်။ စက်မှုကဏ္ဍပိုမိုကျယ်ပြန့်လာသည်နှင့်အမျှ ရော်ဘာ၏ အသုံးဝင်မှုသည်လည်း ယခုထက်ပို၍ အရေးကြီးအသုံးဝင်လာမည်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရော်ဘာကို အခြေခံ၍ စက်မှုကုန်ချောပစ္စည်းများ ထုတ်လုပ်လျက်ရှိပေသည်။ ကမ္ဘာ့နိုင်ငံများဖြစ်သော မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ အိန္ဒိယ၊ တရုတ်၊ သီရိလင်္ကာ၊ ဖိလစ်ပိုင်၊ လိုင်ဘေးရီးယား၊ နိုင်ဂျီးရီးယားနှင့် ဗီယက်နမ်စသော နိုင်ငံများသည် ရော်ဘာကိုနှစ်စဉ်ပုံမှန် တိုးတက်ထုတ်လုပ်မှုတွင်သာမက ရော်ဘာနှင့် ပတ်သက်၍ နည်းပညာသစ်များကို ရှာဖွေသုတေသနပြုလျက်ရှိသည်။ မှိုင်းခံရော်ဘာ၊ ခရမ့်ရော်ဘာစသည်များကို ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ကမ္ဘာ့ရော်ဘာဈေးကွက်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ ရော်ဘာတင်ပို့ရောင်းချခြင်းရှိခဲ့သည်။ ပြည်ပသို့တင်ပို့မှုပမာဏနှင့် တန်ဖိုးများမှာ အောက်ပါဇယားအတိုင်းဖြစ်ပါသည်–

**နှစ်အလိုက် ပြည်တွင်းမှရော်ဘာများ ပြည်ပသို့ တင်ပို့မှုပမာဏနှင့်တန်ဖိုး**

| စဉ် | ခုနှစ် | တင်ပို့မှုပမာဏ(တန်) | တန်ဖိုး(အမေရိကန်ဒေါ်လာသန်း) |
|---|---|---|---|
| ၁။ | ၁၉၉၆–၉၇ | ၂၈၁၆၀ | ၃၀.၆၆ |
| ၂။ | ၁၉၉၈–၉၉ | ၄၇၈၅၀ | ၂၅.၀၇ |
| ၃။ | ၂၀၀၀–၀၁ | ၃၈၅၁၀ | ၁၉. ၄ |
| ၄။ | ၂၀၀၂–၀၃ | ၃၇၃၃၀ | ၂၆.၉၈ |
| ၅။ | ၂၀၀၃–၀၄ | ၃၆၄၇၀ | ၃၂.၉၃ |
| ၆။ | ၂၀၀၄–၀၅ | ၄၀၃၇၃ | ၄၃.၁၂ |

ရှင်သန်ဖြစ်ထွန်းနေသော ရော်ဘာပင်များကို ဤသို့တွေ့မြင်ရသည်။

ရော်ဘာစိုက်ပျိုးရေးကို မြန်မာနိုင်ငံ၌ ၁၈၇၆ ခုနှစ်ကတည်းက စတင်ခဲ့သည်။ မူလပေါက်ရောက်ရာဒေသမှာ ဘရာဇီးနိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံတွင် ၁၉၆၂–၆၃ ခုနှစ်အထိ ရော်ဘာဧရိယာ ၁၈၄၂၉၅ ဧကအထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ဈေးကွက်စီးပွားရေးစနစ်အရ ပုဂ္ဂလိကလုပ်ငန်းရှင်များအား လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ် ရောင်းဝယ်ခွင့်ပြုခြင်းတို့ကြောင့် ရော်ဘာစိုက်ပျိုးသည့် ဧရိယာများ ပြန်လည်တိုးတက်မြင့်မားလာခဲ့သည်။ ၁၉၉၇–၉၈ ခုနှစ်တွင် ဧက ၃၃၃၄၄၉ အထိ တိုးချဲ့စိုက်ပျိုးခဲ့ပြီး ၂၀၀၅–၂၀၀၆ ခုနှစ်အထိ တွင် ၅၅၈၄၄၇ဧက တိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့သည်။

ရော်ဘာသည် ပြည်တွင်းစက်မှုလက်မှု လုပ်ငန်းများအတွက်သာမက ပြည်ပပို့ကုန်များအတွက်လည်း အရေးပါသော သီးနှံတစ်မျိုးဖြစ်သည်။ ရော်ဘာပင်၏ စီးပွားရေးသက်တမ်းကာလအတွင်း စက်မှုကုန်ကြမ်းအတွက် ရော်ဘာအစေး ရရှိသည့်အပြင် အပင်အိုသည့်အခါ ရော်ဘာသစ်အဖြစ် အသုံးပြုနိုင်သဖြင့် မြန်မာနိုင်ငံတွင် အခြေအနေပေးသည့်နေရာတိုင်း၌ ရော်ဘာကို တိုးချဲ့ စိုက်ပျိုးနေခြင်းဖြစ်သည်။ ရော်ဘာ တိုးချဲ့စိုက်ပျိုးခြင်းကို ငါးနှစ်အလိုက် တိုးချဲ့စိုက်ပျိုးရန် အောက်ပါအတိုင်း ရည်မှန်းထားသည်–

**ရော်ဘာတိုးချဲ့စိုက်ပျိုးရန် ငါးနှစ်အလိုက် လျာထားချက်**

| စဉ် | ခုနှစ် | စိုက်ဧက | အစေးလှီးဧက | အထွက်တန် |
|---|---|---|---|---|
| ၁။ | ၂၀၀၀ | ၄၀၀၀၀၀ | ၂၆၀၀၀၀ | ၅၅၇၀၀ |
| ၂။ | ၂၀၀၅ | ၅၀၀၀၀၀ | ၃၃၀၀၀၀ | ၇၁၁၀၀ |
| ၃။ | ၂၀၁၀ | ၆၀၀၀၀၀ | ၄၀၀၀၀၀ | ၈၇၀၀၀ |
| ၄။ | ၂၀၁၅ | ၈၀၀၀၀၀ | ၅၀၀၀၀၀ | ၁၁၀၀၀ |
| ၅။ | ၂၀၂၀ | ၁၀၀၀၀၀၀ | ၆၆၀၀၀၀ | ၁၄၆၇၀၀ |
| ၆။ | ၂၀၂၅ | ၁၂၅၀၀၀၀ | ၈၅၀၀၀၀ | ၁၉၀၈၀၀ |
| ၇။ | ၂၀၃၀ | ၁၅၀၀၀၀၀ | ၁၀၀၀၀၀၀ | ၂၂၆၈၀၀ |

ရော်ဘာကို မြေညီမြေပြန့်တွင်သာမက မြေမျက်နှာသွင်ပြင် မညီညာသော ကုန်းမြေများ၊ လျှိုမြောင်များ၊ တောင်စောင်းများတွင်လည်း စိုက်ပျိုးဖြစ်ထွန်းသည်။ ရော်ဘာကို ယခင်ကာလက တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်တို့တွင် စိုက်ပျိုးခဲ့ရာမှ ယခုအခါ နယ်စပ်ဒေသများဖြစ်သည့် ကချင်ပြည်နယ် မြစ်ကြီးနားဒေသ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဖြစ်သော ကိုးကန့်ဒေသ၊ ဟိုပန်ဒေသ၊ လားရှိုး၊ ကျောက်မဲ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံဒေသ၊ မိုင်းလားဒေသ၊ တာချီလိတ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့၌ စမ်းသပ်စိုက်ပျိုးခဲ့ရာ ဖြစ်ထွန်း အောင်မြင်လျက်ရှိသည်။

နယ်စပ်ဒေသနှင့် ကုန်းမြင့်ဒေသများသည် အစဉ်အလာအရ ရော်ဘာ စိုက်ပျိုးခဲ့သော မြေပြန့်ဒေသများထက် တစ်နှစ်ပတ်လုံး မိုးရေချိန်လက်မသည် ပျမ်းမျှအားဖြင့် နည်းပါးသော်လည်း လစဉ်အနည်းငယ်စီ မိုးရွာသွန်းလေ့ရှိသည်။ ကုန်းမြင့်ဒေသများတွင် ရော်ဘာစမ်းသပ်စိုက်ပျိုးခဲ့ရာ မြေပြန့်ကဲ့သို့ပင် ရော်ဘာစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနိုင်ကြောင်း တွေ့ရှိရသည်။ မြန်မာပြည် အောက်ပိုင်း မြေပြန့်ဒေသများတွင် မိုးတွင်းကာလ၌ မိုးရွာသွန်းမှုများပြားသဖြင့် အစေးလှီးလုပ်ငန်းများ ရပ်ဆိုင်းထားရပြီး ရွက်ပုပ်ရောဂါများလည်း အများဆုံး ကျရောက်ကြောင်း တွေ့ရှိရသည်။ ကုန်းမြင့်ဒေသများ၌ အအေးလွန်ကဲသောလ၌သာ အစေးလှီးလုပ်ငန်း ရပ်ဆိုင်းထားရပြီး ကျန်လများနှင့် မိုးရာသီအတွင်း အစေးလှီးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် အပင်ကြီးထွားမှုကောင်းကြောင်း တွေ့ရသည်။ ထို့ပြင် နယ်စပ်ဒေသနှင့် ကုန်းမြင့်ဒေသများ၏ တောင်ကုန်း၊ တောင်စောင်းများတွင် ကွန်တိုစနစ်ဖြင့် ရော်ဘာကို စိုက်ပျိုးနိုင်ပြီး မြေမျက်နှာပြင် အနိမ့်အမြင့် ၅ ဒီဂရီရှိသော မြေမျိုးတွင် မြေဆီခံမြောင်းများ ပြုလုပ်သင့်ပြီး မြေဆီခံမြောင်းကို နှစ်ပေအကျယ် နှစ်ပေအနက်ရှိသော မြောင်းများနှင့် ကန်သင်းများ တူးဖော်ကြရန်လိုအပ်သည်။

ရော်ဘာကို ပင်လယ်ရေမျက်နှာပြင်မှ အထက်အမြင့်ပေ ၁၀၀၀မှ ၃၀၀၀ ခန့်အထိ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့်အတွက် ယခုအခါ ချင်းပြည်နယ် အတွင်းရှိ ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ၄၀၀၀–၅၀၀၀ကျော်ရှိသော တီးတိန်၊ ဖလမ်း၊ ဟားခါးမြို့နယ်များတွင် ရော်ဘာ ငါးဧကစီ ၂၀၀၅–၂၀၀၆ ခုနှစ်၌ စမ်းသပ်စိုက်ပျိုးထားခဲ့ပြီး စီးပွားဖြစ်စိုက်ပျိုးရန် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့ နှစ်ရှည်ပင်လုပ်ငန်းမှလည်း ယင်းဒေသများသို့ ရော်ဘာပညာရှင်များ စေလွှတ်၍ ပညာပေးသင်တန်းများ နှစ်ကြိမ်ဖွင့်လှစ်ပေးခဲ့ပြီး ကုမ္ပဏီ၊ တပ်ရင်း တပ်ဖွဲ့များနှင့် ရော်ဘာစိုက်ပျိုးလုပ်ကိုင်လိုသည့် ခြံရှင်များအား ကူညီပံ့ပိုးပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၏ ပြည်နယ်၊ တိုင်းများတွင် ရော်ဘာစိုက်ပျိုးနိုင်သည့် မြေဧရိယာများ မြောက်မြားစွာရှိသည်။ နိုင်ငံတော်အကြီးအကဲ၏ တိုင်းနှင့် ပြည်နယ်များသို့ ခရီးစဉ်များတွင် ထိုဒေသ၏ မိုးရွာသွန်းသည့် မိုးရေချိန်နှင့် မြေလွတ်မြေရိုင်းတို့သည် ရော်ဘာတိုးချဲ့ စိုက်ပျိုးနိုင်သည့် အခြေအနေကောင်းများရှိသဖြင့် တစ်ဦးချင်းဝင်ငွေများ တိုးတက်စေပြီး ဒေသ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရေးနှင့် နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိနိုင်စေမည့် ရော်ဘာကို အမြောက်အမြား တိုးချဲ့စိုက်ပျိုးရန် လမ်းညွှန်မှုပေးခဲ့သည်။

ယင်းလမ်းညွှန်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့၌ ၂၀၀၅–၂၀၀၆ ခုနှစ်မှ စ၍ အထူးစီမံချက်များ ချမှတ်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင် တစ်နှစ်ထက်တစ်နှစ် ရော်ဘာစိုက်ဧက တိုးတက်လာသည်နှင့်အမျှ ရော်ဘာအထွက်ကောင်းမျိုးများ စိုက်ပျိုးလာခြင်း၊ ရော်ဘာဈေးနှုန်းကောင်းမွန်လာခြင်း၊ နည်းစနစ်တကျ အစေးလှီးစနစ်ကျင့်သုံးလာခြင်းတို့ကြောင့် ရော်ဘာထုတ်လုပ်မှု တစ်ဧကအထွက်နှုန်း မြင့်မားလာသည်ကို အောက်ပါဇယားအတိုင်းခန့်မှန်းထားသည်– **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✡

**၂၀၀၅–၂၀၀၆ခုနှစ်အထိ မြန်မာနိုင်ငံ၏ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အခြေအနေ**

| စဉ် | ပြည်နယ်/တိုင်း | စိုက်ဧက | အစေးလှီးဧက | ပျမ်းမျှအထွက်နှုန်း | အထွက်ပေါင် |
|---|---|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | ၇၀၆၃ | ၄၅၀ | ၅၆၄.၄၄ | ၂၅၄၀၀၀ |
| ၂။ | ကယားပြည်နယ် | ၁၁၁ | – | – | – |
| ၃။ | ကရင်ပြည်နယ် | ၄၈၄၃၇ | ၁၃၆၀၁ | ၄၂၁.၈၅ | ၅၇၃၇၅၄၂ |
| ၄။ | ချင်းပြည်နယ် | ၁၅ | – | – | – |
| ၅။ | စစ်ကိုင်းတိုင်း | ၄၉၄ | ၄ | ၅၂၅.၀၀ | ၂၁၀၀ |
| ၆။ | တနင်္သာရီတိုင်း | ၁၁၉၃၅၃ | ၈၀၀၀၀ | ၄၇၀.၀၀ | ၃၇၆၀၀၀၀၀ |
| ၇။ | ပဲခူးတိုင်း | ၅၂၃၁၉ | ၄၀၄၇ | ၃၃၈.၃၃ | ၁၃၆၉၂၃၀ |
| ၈။ | မွန်ပြည်နယ် | ၂၆၇၈၃၁ | ၁၅၂၅၆၂ | ၅၇၄.၆၀ | ၈၇၆၆၂၈၄၃ |
| ၉။ | ရန်ကုန်တိုင်း | ၃၁၅၉၁ | ၂၇၆၇ | ၃၅၀.၀၀ | ၉၆၈၄၅၀ |
| ၁၀။ | ရခိုင်ပြည်နယ် | ၈၂၆၅ | ၇၅၃ | ၂၃၀.၀၀ | ၁၇၃၁၉၀ |
| ၁၁။ | ရှမ်း(မြောက်) | ၁၂၉၉၇ | ၅၅၃ | ၅၀၁.၄၃ | ၂၇၇၂၉၀ |
| ၁၂။ | ရှမ်း(တောင်) | ၂၂၅ | ၂၀ | ၈၀၀.၀၀ | ၁၆၀၀၀ |
| ၁၃။ | ရှမ်း(အရှေ့) | ၇၂၁၆ | ၃၀၀ | ၆၀၀.၀၀ | ၁၈၀၀၀၀ |
| ၁၄။ | ဧရာဝတီတိုင်း | ၂၅၃၀ | ၃၀ | ၂၇၀.၀၀ | ၈၁၀၀ |
| | စုစုပေါင်း | ၅၅၈၄၄၇ | ၂၅၅၀၈၇ | ၅၂၆.၂၈ | ၁၃၄၂၄၈၇၄၅ |

ညီမျှတန်– ၆၀၉၁၁.၄၁ မ/တန်

# ကမ္ဘောဒီးယား၌ အင်တာနက်မှ ဗီဇာလျှောက်ထားနိုင်မည်

**ဖနောင်ပင် ဇွန် ၁၃**

ကမ္ဘာလှည့်ခရီးသည်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ကမ္ဘောဒီးယားနိုင်ငံသည် အင်တာနက်မှ ဗီဇာများလျှောက်ထားခွင့် ပြုမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

**ကြေညာထား**

ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်လည်ပတ်မည် ဆိုပါက ကမ္ဘောဒီးယားသံရုံးသို့ သွားရောက်ရန်မလိုဘဲ အင်တာနက်မှဗီဇာများ လျှောက်ထားနိုင်ကြောင်း ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ယခုလအစောပိုင်းတွင် ထုတ်ပြန်ကြေညာထားသည်။

နိုင်ငံခြားခရီးသွားဧည့်သည်များသည် အွန်လိုင်းပေါ်မှ ဗီဇာပုံစံကို လိုအပ်ချက်များဖြည့်သွင်းပြီး အီး–ဗီဇာစနစ်ခေါ် ဗီဇာကိုရယူနိုင်ကြောင်း၊ ထိုဗီဇာထုတ်ပေးသည့်နေ့မှ သုံးလအထိ တရားဝင်ဗီဇာဖြစ်ကြောင်း၊ ထိုဗီဇာဖြင့် ကမ္ဘောဒီးယားနိုင်ငံတွင် ရက် ၃၀ ကြာ နေထိုင်နိုင်ကြောင်း ဖော်ပြသည်။

ကမ္ဘာလှည့်ခရီးသည်များသည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင် သို့မဟုတ် ဆီယင်ရိလေဆိပ်တွင် အင်တာနက်ဗီဇာကို အသုံးပြုနိုင်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

**အီရန်၊ ပါကစ္စတန်နှင့် အိန္ဒိယဆက်သွယ်သည့် ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်လျက်ရှိသည်ကို ဇွန် ၁၃ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

# မိကျောင်းနှင့် မိကျောင်းသားရေ ဗီယက်နမ်တင်ပို့

**ဟနွိုင်း ဇွန် ၁၃**

ဗီယက်နမ်နိုင်ငံ မိကျောင်းမွေးမြူရေးလုပ်ငန်းသည် ယခုနှစ်တွင် မိကျောင်းအကောင် ၅၅၀ နှင့် မိကျောင်းသားရေ ၉၂၅ ချပ်တို့ကို ပြည်ပသို့ တင်ပို့ခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူက ဆင်ဟွာသတင်းဌာနသို့ တနင်္လာနေ့တွင် ပြောကြားသည်။

မိကျောင်းနှင့် မိကျောင်းသားရေတို့ကို တရုတ်၊ ဂျပန်နှင့် ဥရောပနိုင်ငံများသို့ တင်ပို့ကြောင်း၊ ၂၀၀၄ ခုနှစ်က မိကျောင်းအကောင် ၄၄၀၀ ကို တရုတ်နိုင်ငံသို့ အဓိကထား၍ တင်ပို့ကြောင်းနှင့် ဂျပန်နိုင်ငံသို့ မိကျောင်းသားရေအချပ် ၁၀၀ ကို တင်ပို့ခဲ့ကြောင်း ဟိုချီမင်းမြို့ တောင်ပိုင်းရှိ သစ်တောဌာန အကြီးအကဲ ငုယင်ဒင်ကွန်က ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# အဏ္ဏဝါဇီဝမျိုးကွဲများ မပျက်စီးရေး ဖီဂျီ ထိန်းသိမ်းထားနိုင်ပြီ

**ဝယ်လင်တန် ဇွန် ၁၃**

ဖီဂျီနိုင်ငံ၏ အဏ္ဏဝါဇီဝမျိုးကွဲများ ပျက်စီးမှုမရှိစေရန် ထူးခြားစွာ စောင့်ရှောက် ကာကွယ်ခဲ့သည့်လုပ်ငန်းများအတွက် ကမ္ဘာ့တောရိုင်းတိရစ္ဆာန် ရန်ပုံငွေအဖွဲ့ (ဒဗလျူဒဗလျူအက်ဖ်)က ဖီဂျီဝန်ကြီး ချုပ်လိုင်ဆင်နီးယား ကာရာဆီနှင့် ဖီဂျီနိုင်ငံအကြီးအကဲရာတူအိုင်ဆီယာကာတွန်နေဗာရီတို့အား တိရစ္ဆာန်ထိန်းသိမ်းရေး ရွှေကမ္ဘာလုံးဆုများကို ချီးမြှင့်ခဲ့သည်။

ဖီဂျီနိုင်ငံ၏ ဂေဟစနစ် ထိခိုက်မှုမရှိစေဘဲ ဖီဂျီနိုင်ငံ၏ ကုန်းတွင်းနှင့် အဏ္ဏဝါ မျိုးကွဲများရှိသည့်ဒေသများ၏ ၃၀ ရာခိုင်နှုန်းကို ရာတူးနှင့် ကာရာဆီတို့က ထိရောက်စွာ ပူးပေါင်းကာကွယ်စောင့်ရှောက်ခဲ့သည့်အတွက် တိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့ (စီအိုင်)က ချီးကျူးဂုဏ်ပြုခဲ့ခြင်းဖြစ်သည်။ ယခုပေးအပ်သည့်ဆုသည် အဏ္ဏဝါဇီဝ မျိုးကွဲထိန်းသိမ်းရေး လုပ်ငန်းအတွက် အသိအမှတ်ပြု ပေးအပ်သည့် ဆုတံဆိပ်ဖြစ်ကြောင်း ဒဗလျူ ဒဗလျူ အက်ဖ် လက်အောက်ရှိ ကမ္ဘာတစ်ဝန်း အဏ္ဏဝါအစီအစဉ်မှ ညွှန်ကြားရေးမှူး ဆီမွန်ကရစ်က ပြောကြားသည်။

နိုင်ငံတကာမှအလှူရှင်နိုင်ငံများအနေဖြင့်ပစိဖိတ်ဒေသနေ ပြည်သူလူထု၏ ကျန်းမာရေးနှင့်ချမ်းသာကြွယ်ဝရေး၊ ၎င်းတို့၏ ယဉ်ကျေးမှုနှင့် စီးပွားရေးကဏ္ဍများအတွက်အရေးပါသည့်ကမ္ဘာတစ်ဝန်းတွင်တစ်မူထူးခြားသောအဏ္ဏဝါဒေသများကိုစောင့်ရှောက်ကာကွယ်နိုင်ရန် ပစိဖိတ်ဒေသမှအစိုးရများနှင့် လက်တွဲဆောင်ရွက်သွားရမည်ဟုကရစ်ကဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ဇမ်ဘီယာနိုင်ငံ၌ သစ်တောများဆုံးရှုံးလျက်ရှိ

**လူဆာကာ ဇွန် ၁၃**

ဇမ်ဘီယာနိုင်ငံတွင်သစ်များကိုလွန်ကဲစွာ ခုတ်လှဲခြင်းကြောင့်နှစ်စဉ်သစ်တောမြေဟက်တာ ၈၀၀၀ ဆုံးရှုံးလျက်ရှိကြောင်း ခရီးသွားလာရေး၊ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်ဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သဘာဝအရင်းအမြစ်များကိုအလွန်အကျွံထုတ်ယူသုံးစွဲမှုကြောင့် သစ်တောမြေနှင့် တောရိုင်းတိရစ္ဆာန်များဆုံးရှုံးမှုဖြစ်ပေါ်လာကြောင်းသဘာဝအရင်းအမြစ်အုပ်ချုပ်ရေးဌာနအကြီးအကဲဒါဗီဆီယာမီကပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# ဇီဝအီသနောလောင်စာ ဂျပန်မော်တော်ယာဉ်များ၌ သုံးမည်

**တိုကျို ဇွန် ၁၃**

ဂျပန်နိုင်ငံတွင် ဓာတ်ဆီချည်းသာအသုံးပြု မောင်းနှင်သည့် မော်တော်ယာဉ်များကို သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် ဇီဝအီသနော ၁၀ ရာခိုင်နှုန်းပါဝင်သည့် ပေါင်းစပ်လောင်စာ အသုံးပြုမှုကို ၂၀၃၀ ပြည့်နှစ်ထက် နောက်မကျဘဲ ဆောင်ရွက်မည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနကို ကိုးကား၍ အဆာဟိရှင်ဘွန်းသတင်းစာက အင်္ဂါနေ့တွင် ရေးသားသည်။

ဇီဝအီသနောလောင်စာသည် ကြံနှင့်ပြောင်းမှ ထုတ်ယူရရှိသည့် အရက်ကဲ့သို့သော လောင်စာဖြစ်သည်။

**ရေးသား**

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်အသစ်အားလုံးတွင် ဓာတ်ဆီ ၉၀ ရာခိုင်နှုန်းနှင့် ဇီဝအီသနော ၁၀ ရာခိုင်နှုန်း ပေါင်းစပ်အသုံးပြုရန်အတွက် စည်းမျဉ်းဥပဒေများကို ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ပြဋ္ဌာန်းသွားရန် ဂျပန် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက စီစဉ်နေသည်ဟု သတင်းစာက ဆက်လက်ရေးသားသည်။

**ကတိကဝတ်ပြု**

ဂျပန်နိုင်ငံက ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂၀၀၈ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်အတွင်း ၆ ရာခိုင်နှုန်းအထိ လျှော့ချသွားရန် ကတိကဝတ်ပြုထားသည်။

အီသနော ၁၀ ရာခိုင်နှုန်း ဓာတ်ဆီကို ဂျပန်ဈေးကွက်တွင် ၂၀၂၀ ပြည့်နှစ်မှစတင်၍ ဝယ်ယူနိုင်မည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် ဂျပန်ရှိ မော်တော်ယာဉ်အားလုံး အီသနော ၁၀ ရာခိုင်နှုန်းပါဓာတ်ဆီကို အသုံးပြုတော့ကြမည်ဖြစ်သည်ဟု သိရှိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# ဘင်္ဂလားဒေ့ရှ်နှင့်ကူဝိတ် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်

**ဒါကာ ဇွန် ၁၃**

ကူဝိတ်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်း စစ်တကောင်းမြို့တွင် မဂ္ဂါဝပ် ၄၅၀ ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ရေးအတွက် ငွေကြေးထောက်ပံ့ရန်နှင့် အမေရိကန်ဒေါ်လာ သန်း ၇၅၀ တန်ဖိုးရှိ လောင်စာဆီများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခြောက်လဆိုင်းစနစ်ဖြင့် ရောင်းချပေးရန် သဘောတူလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက တနင်္ဂနွေနေ့တွင် သတင်းထုတ်ပြန်သည်။

**ရင်းနှီးမြှုပ်နှံလို**

ကူဝိတ်နိုင်ငံက ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဓာတ်ငွေ့နှင့် စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလိုကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အလုပ်သမားများကို စုဆောင်းလိုကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာတွင် ခေတ်မီဆေးရုံတစ်ရုံ တည်ဆောက်ပေးလိုကြောင်း ထုတ်ဖော်ပြောကြားသည်။

အလည်အပတ် ရောက်ရှိနေသည့် ကူဝိတ်စော်ဘွား ရှိတ်ဆဘတ်အယ်လ်အာမက်အယ်လ်ဂျာဘား အယ်လ်ဆဘတ်နှင့်ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ခါလီဒါဇီယာတို့ ဒါကာမြို့၌ တနင်္ဂနွေနေ့တွင် တရားဝင် တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းဆွေးနွေးပွဲမှာ အကျိုးများကြောင်း၊ နှစ်နိုင်ငံကိစ္စရပ်များ၊ ဒေသဆိုင်ရာကိစ္စရပ်များနှင့် နိုင်ငံတကာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး အမ်မော်ရှက်ခန်းက သတင်းထောက်များကို ပြောကြားသည်။

**ဆွေးနွေး**

အဆိုပါ ဆွေးနွေးပွဲမှာ အလွန်အရေးပါပြီး အကျိုးရှိကြောင်း၊ စွမ်းအင်နှင့်လျှပ်စစ်ဓာတ်အားကဏ္ဍ အပါအဝင် ကဏ္ဍအများအပြားတွင် ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးခဲ့ကြကြောင်း ကူဝိတ်ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးရှိတ်မိုဟာမက်ဆဘတ်အယ်လ်ဆလမ်ကသတင်းထောက်များကို ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကူဝိတ်စော်ဘွား အလည်အပတ်ရောက်ရှိလာမှုမှာ သမိုင်းဝင်ဖြစ်ရပ်ဖြစ်ကြောင်း အယ်လ်ဆလမ်က မှတ်ချက်ပြုခဲ့သည်။

**သဘောတူညီ**

နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ မြှင့်တင်မှုနည်းလမ်းများ ရှာဖွေရေးအတွက် ပူးတွဲကော်မရှင် တည်ထောင်ရန် နှစ်နိုင်ငံ သဘောတူညီခဲ့ကြကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး ခန်းက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***




**တောင်ကိုရီးယားနိုင်ငံ ဆီမန့်ဂီယမ်ဒေသ၌ စိမ့်တောမြေ ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေသည်ကို ဇွန် ၁၃ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

**ဂျပန်နိုင်ငံ ချီဘာမြို့၌ ကျင်းပသည့် မော်တော်ကားပြပွဲကို ဇွန် ၁၃ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်များ ရုပ်မြင်သံကြားမှတစ်ဆင့် စောင့်ကြည့်နေသည်ကို ဇွန် ၁၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အာဖဂန်နစ္စတန်တောင်ပိုင်းတွင် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

**လန်ဒန် ဇွန် ၁၃**

ဗြိတိန်တပ်ဖွဲ့ဝင်များနှင့် တာလီဘန်စစ်သွေးကြွများ အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းဒေသတွင် အပြန်အလှန် တိုက်ခိုက်မှုများဖြစ်ပွားပြီးခဲ့သည့်နောက် ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး အခြားတပ်ဖွဲ့ဝင် တစ်ဦးအပြင်းအထန် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန်းပြည်နယ်တွင် တိုက်ခိုက်မှု ဖြစ်ပွားခဲ့သဖြင့် ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦး သေဆုံးခဲ့သည်ဟု အတည်ပြုကြောင်း အဆိုပါဌာနမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။

ဗြိတိသျှလုံခြုံကင်းအဖွဲ့က တာလီဘန်တပ်ဖွဲ့ဝင်များဟု မသင်္ကာသူများနှင့် အပြန်အလှန် တိုက်ခိုက်ကြစဉ် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာအပြင်းအထန် ရရှိခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဒဏ်ရာရရှိသည့်တပ်ဖွဲ့ဝင်ကို ရဟတ်ယာဉ်ဖြင့် သယ်ဆောင်ပြီး အခြေစိုက်စခန်းဖြစ်သည့် ဘတ်စ်တီယွန်ရှိ စစ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ဗြိတိသျှတပ်ဖွဲ့ဝင်များကို မကြာခင်လများအတွင်းတွင် ဟယ်လ်မန်းပြည်နယ်သို့ ဖြန့်ကြက်ထားခဲ့သည့် နောက်ပိုင်း ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး ပထမဆုံးသေဆုံးခြင်းဖြစ်သည်။

ဗြိတိသျှတပ်ဖွဲ့ဝင် ၃၀၀၀ ခန့်ကို ဟယ်လ်မန်းပြည်နယ် အပါအဝင် အာဖဂန်နိုင်ငံတောင်ပိုင်းဒေသသို့ ဖြန့်ကြက်ထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အိဒ်စ်ကာကွယ်ဆေး တရုတ်တွင် စမ်းသပ်မှုအောင်မြင်

**နန်နင်း ဇွန် ၁၃**

တရုတ်နိုင်ငံက တီထွင်ထုတ်လုပ်သည့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ (အိဒ်စ်)ကာကွယ်ဆေး ဘေးအန္တရာယ်ရှိ၊ မရှိ ပဏာမဓာတ်ခွဲ စမ်းသပ်ချက်များ ပြုလုပ်ရာ စိတ်ကျေနပ်လောက်ဖွယ်ကောင်းသည့် ရလဒ်များရခဲ့ကြောင်း တရုတ်သုတေသီများက ပြောကြားသည်။

တရုတ်နိုင်ငံက ပထမဆုံးထုတ်လုပ်သည့် အိစ်ဒ်ရောဂါကာကွယ်ဆေး လွန်ခဲ့သည့် ၁၅ လကအထိုးခံရသူ ၄၉ဦးမှ နောက်ဆုံး ၁၅ ဦးကို ကွမ်စီကျောင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဒေသဆိုင်ရာ ရောဂါထိန်းချုပ်ရေးဌာနတွင် ကျန်းမာရေးဆေးစစ်ခဲ့ရာ အောင်မြင်ခဲ့ခြင်းဖြင့် စမ်းသပ်မှုအပြီးသတ်ခဲ့ပြီဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# နိုင်းမြစ်ဝှမ်း ဆွေးနွေးပွဲ အီဂျစ်၌ ကျင်းပမည်

**ကိုင်ရို ဇွန် ၁၃**

နိုင်းမြစ်ဝှမ်းမှ နိုင်ငံ ၁၀ နိုင်ငံ၏ ပထမဆုံး စီးပွားရေးဖိုရမ်ဆွေးနွေးပွဲကို အီဂျစ်နိုင်ငံ မြေထဲပင်လယ် ဒေသမြို့ဖြစ်သည့် အလက်ဇန်းဒရီးယားတွင် ဩဂုတ်လအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း တနင်္ဂနွေနေ့က ထုတ်ဝေသည့် အီဂျစ်ဂေဇက်နေ့စဉ်သတင်းစာတွင် ဖော်ပြထားသည်။

## ငွေကြေးထောက်ပံ့

အဆိုပါ ဖိုရမ်ဆွေးနွေးပွဲကို နိုင်းမြစ်ဝှမ်း ဦးဆောင်မှုအဖွဲ့မှ ကြီးမှူးကျင်းပပြီး အဆိုပါအဖွဲ့သည် ကုလသမဂ္ဂ၊ ကမ္ဘာ့ဘဏ်နှင့် အခြားနိုင်ငံတကာ ဘဏ္ဍာရေးအဖွဲ့ အစည်းများက ငွေကြေးထောက်ပံ့ခဲ့သည့်အဖွဲ့ ဖြစ်သည်။

## ပြန်လည်သုံးသပ်

နိုင်းမြစ်ဝှမ်းနိုင်ငံများ ဆွေးနွေးပွဲတွင် နိုင်ငံများအတွင်း ကုန်သွယ်ရေးနှင့် စီးပွားရေးမြှင့်တင်ရေးကိစ္စကို သုံးသပ်ကြမည်ဖြစ်ပြီး ယင်းနိုင်ငံများအတွင်း ရင်းနှီးမြှုပ်နှံရေး အခွင့်အလမ်းများကိုလည်း ပြန်လည်သုံးသပ်ကြမည်ဖြစ်သည်။

## ဆွေးနွေးမည်

သုံးရက်ကြာ ကျင်းပမည့် အဆိုပါ ဆွေးနွေးပွဲသို့ ဘူရွန်ဒီ၊ ဒီမိုကရက်တစ် ကွန်ဂိုသမ္မတနိုင်ငံ၊ အီဂျစ်၊ အီသီယိုးပီးယား၊ အီရီထရီးယား၊ ကင်ညာ၊ ရဝမ်ဒါ၊ ကွန်ဂိုသမ္မတနိုင်ငံ (ယခင်ဇိုင်ယာ)၊ ဆူဒန်နှင့် တန်ဇန်းနီးယားနိုင်ငံတို့မှ ကုန်သွယ်မှုဖွံ့ဖြိုးရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးများ တက်ရောက် ဆွေးနွေးမည်ဖြစ်သည်။

## ကျင်းပမည်

ထိုအတောအတွင်း နိုင်းမြစ်ဝှမ်းနိုင်ငံများမှ အရင်းအမြစ် ဝန်ကြီးအစည်းအဝေးကိုလည်း ကျင်းပမည် ဖြစ်သည်။ ယင်းသို့ ကျင်းပစဉ်အတွင်း နိုင်းမြစ်ရေဝေငှဖြန့်ဖြူးရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးကြဖွယ်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# နိုင်ငံတကာသတင်းများ

# ဂွာတာနာမိုအကျဉ်းစခန်း ပိတ်ပစ်ရန် တောင်းဆိုချက်များ ပေါ်ထွက်နေ

**ဝါရှင်တန် ဇွန် ၁၃**

အမေရိကန်ဂွာတာနာမိုအကျဉ်းစခန်းတွင် အာရပ်လူမျိုးအကျဉ်းသား သုံးဦး မိမိကိုယ်မိမိ အဆုံးစီရင်သွားခဲ့သည့် ပြဿနာကြောင့် အဆိုပါ အကျဉ်းစခန်းကိုပိတ်ပစ်ရန် တနင်္ဂနွေနေ့က တောင်းဆိုမှုများ ထပ်မံပေါ်ပေါက်လာခဲ့သည်။

## သေဆုံး

ဆော်ဒီလူမျိုးနှစ်ဦးနှင့် ယီမင်လူမျိုးတစ်ဦးတို့သည် ၎င်းတို့၏ အင်္ကျီများနှင့် အိပ်ရာခင်းတို့ကို အသုံးပြုပြီး စနေနေ့တွင် ဆွဲကြိုးချ သတ်သေခဲ့ရာ အယ်လ်ခိုင်ဒါနှင့် တာလီဘန် အကျဉ်းသား များအဖြစ် သင်္ကာမကင်းသူများကို ယင်းစခန်းသို့ အမေရိကန်က ပို့ခဲ့ပြီးသည့် နောက် ပထမဆုံး သေဆုံးခဲ့သူများ ဖြစ်သည်။

အကျဉ်းသားဘက်မှ ရှေ့နေများက ၎င်းတို့ သေဆုံးမှုနှင့်ပတ်သက်၍ သမ္မတဘုရှ်အစိုးရအပေါ် ပြစ်တင်ဝေဖန်ကြသည်။ နိုင်ငံအများစုကလည်း ယင်းအကျဉ်းစခန်းပိတ်ပစ်ရန် တိုက်တွန်းနေကြသည်။

## မီးထိုးပေး

၎င်းအကျဉ်းသားများ၏ ကံကြမ္မာသည် သမ္မတဘုရှ်အစိုးရ၏ လက်ထဲတွင် ရှိနေကြောင်း၊ ၎င်းတို့ သေဆုံးမှုသတင်းက အာရပ်ကမ္ဘာ၏ ဒေါသကို မီးထိုးပေးသလိုဖြစ်နေကြောင်း အကျဉ်းသားများက ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံက ဆော်ဒီနိုင်ငံသား အကျဉ်းသားနှစ်ဦး၏ အလောင်းကို ပြန်လည်ပို့ပေးရန် မေတ္တာရပ်ခံထားပြီး ဂွာတာနာမို အကျဉ်းစခန်းတွင် ထိန်းသိမ်းထားသူ ၁၀၀ ကျော်တို့ကို ပြန်ပို့ရန်လည်း တောင်းဆိုထားသည်။ ဆော်ဒီအာရေဗျအစိုးရသည် ၎င်းတို့ကို ဥပဒေကြောင်းအရ စစ်ဆေးနိုင်ရန် လိုလားကြောင်း ပြောကြားသည်။

## အကျဉ်းချ

နိုင်ငံတကာစစ်ဆေးမှုမပါသည့် အမေရိကန်၏ ဖော်ပြချက်ကို လက်ခံမှုမရှိကြောင်း ယီမင်လူ့အခွင့်အရေးအုပ်စုတစ်စုက ပြောကြားသည်။

ကျူးဘားနိုင်ငံ ဂွာတာနာမိုပင်လယ်ကွေ့ရှိ အမေရိကန် အကျဉ်းစခန်းတွင် ပြည်ပနိုင်ငံသား အကျဉ်းသား ၄၆၀ ခန့်ကို ထိန်းသိမ်းအကျဉ်းချထားသည်။

***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်နိုင်ငံ အူးတားပြည်နယ်၌ ပျက်ကျသွားသည့် လေယာဉ်တစ်စင်း၏ အစိတ်အပိုင်းများအား စုံစမ်းရေးမှူးများ စစ်ဆေးနေသည်ကို ဇွန် ၁၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# ပန်းနာရောဂါမျိုးဗီဇ ရှာဖွေတွေ့ရှိပြီ

**ဟယ်လ်ဆင်ကီ ဇွန် ၁၃**

ဒိန်းမတ်သိပ္ပံပညာရှင်တစ်စုသည် ပန်းနာရောဂါနှင့် ဆက်နွှယ်လျက်ရှိသည့် တိကျသော မျိုးဗီဇကို တွေ့ရှိထားကြောင်း ကိုပင်ဟေဂင်ပို့စ်သတင်းစာက စနေနေ့တွင် ဖော်ပြသည်။

ဒိန်းမတ်နိုင်ငံတောင်ပိုင်းတက္ကသိုလ်နှင့် အိုဒင်ဆီတက္ကသိုလ်ဆေးရုံတို့မှ ဒိန်းမတ်သုတေသနအဖွဲ့သည် ပန်းနာရောဂါဖြစ်ပွားစေသည့် မျိုးဗီဇကိုတွေ့ရှိခဲ့သည်။

အဆိုပါ မျိုးဗီဇကို သယ်ဆောင်ထားသူများသည် ပိုမိုတိကျသည့် ရောဂါစစ်တမ်းကို ရရှိနိုင်မည်ဖြစ်ပြီး ဆေးကုသမှု စောစောစီးစီးခံယူနိုင်မည်ဖြစ်သဖြင့် ယခုတွေ့ရှိချက်သည် ပန်းနာရောဂါသည်များကို ကုသရာတွင် ပိုမိုထိရောက်မှု ရှိလာမည်ဖြစ်သည်။

ပန်းနာရောဂါနှင့် ဆက်နွှယ်လျက်ရှိသော မျိုးဗီဇအချို့ကို ယခင်က တွေ့ရှိခဲ့ပြီးဖြစ်သည်။ သို့သော် ဒိန်းမတ်သိပ္ပံပညာရှင်များ တွေ့ရှိထားသည့် မျိုးဗီဇမှာ ပန်းနာရောဂါဖြစ်ပွားစေမှုနှင့် တိုက်ရိုက်ဆက်နွှယ်ဖွယ်ရှိသည့် သီးခြားမျိုးဗီဇတစ်မျိုးဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်း၌ ပန်းနာရောဂါသည် သန်း ၁၅၀ မျှ ရှိကြောင်း၊ ရောဂါသည်ဦးရေမှာ ဆက်လက်မြင့်တက်လျက်ရှိကြောင်း သိရှိရသည်။

ယင်းသုတေသနတွေ့ရှိချက်ကို အခြေပြုလျက် ဆေးဝါးသစ်တစ်မျိုးကို ထုတ်လုပ်လာဖွယ်ရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေး အခမ်းအနားတက်ရောက်ရန် အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ ရောက်ရှိလာသော မယ်စကြဝဠာ နာတာလီ ဂလီဘိုဗာအား ဇွန် ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပစိဖိတ်ကွန်ဂရက် PACON 2006 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ပစိဖိတ်ကွန်ဂရက် PACON 2006 ဖွင့်ပွဲကျင်းပ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇွန် ၁၄

**ပစိဖိတ်ကွန်ဂရက် PACON˚2006ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၂ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌနှင့် စီမံရေးရာဌာနကြီးမှူး၊ ဒုတိယ ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့အစည်းများ၊ နည်းပညာ တက္ကသိုလ်များနှင့် ဌာနဆိုင်ရာအကြီး အကဲများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စာတမ်းဖတ်ကြား သည့် နိုင်ငံတကာမှ ပညာရှင်များနှင့် မြန်မာပညာရှင်များ တက်ရောက်ကြ သည်။

ဝန်ကြီးက အမှာစကားပြောကြား ရာတွင် အဆိုပါ ကွန်ဂရက်သည် အရှေ့တောင်အာရှ၌ ပထမဦးဆုံး ကျင်းပသည့် ကွန်ဂရက်ဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်ကြီးကို အရှိန်အဟုန်ဖြင့် တည်ဆောက်ရန် ရေကြောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ် နိုင်ရေးကို တွန်းအားပေးဆောင်ရွက် စေလိုကြောင်း၊ ရေကြောင်းဆိုင်ရာ သိပ္ပံနှင့် နည်းပညာတို့၏ အရေးပါမှုကို အလေးထားရန် လိုအပ်ကြောင်းနှင့် သင့်လျော်မှန်ကန်သည့် အဏ္ဏဝါဗေဒ ဆိုင်ရာ အရင်းအမြစ်များကို စီမံခန့်ခွဲမှုမှ တစ်ဆင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု အတွက် ကမ္ဘာ့ရေကြောင်းဆိုင်ရာ သိပ္ပံနှင့်နည်းပညာ အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ နီဟွန်း တက္ကသိုလ်ပါမောက္ခချုပ် ဆူဆူမူ– အိရှိအိက လည်းကောင်း၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း က လည်းကောင်း၊ နိုင်ငံတကာ ပစိဖိတ် ကွန်ဂရက်ဥက္ကဋ္ဌ ဆက်မိနာကလည်း ကောင်း ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

အာရှဒေသ ရေကြောင်းသိပ္ပံနှင့် နည်းပညာဆိုင်ရာ PACON 2006 ပစိဖိတ်ကွန်ဂရက်၌ အလုပ်ရုံဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲ၊ ကျောင်းသားများ၏ ပိုစတာပြိုင်ပွဲနှင့် ကိရိယာပြပွဲအခန်း ကဏ္ဍများကို ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် ဩစတြေးလျ နိုင်ငံ၊ ကနေဒါနိုင်ငံ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယသမ္မတ နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စင်ကာပူ သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုတို့မှ ပညာရှင်ပေါင်း ၂၀၀ကျော် တက်ရောက်ကြသည်။ အဆိုပါ ကွန်ဂရက်ကို ဇွန် ၁၅ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဒုတိယဝန်ကြီး ဦးဖေသန်းတို့သည် ဖွင့်ပွဲအခမ်းအနား အပြီး၌ ဂျပန်လစ်ဘရယ်ဒီမိုကရက်တစ် ပါတီ အမှုဆောင်ကောင်စီဥက္ကဋ္ဌဖြစ်သူ မစ္စတာဖူမီဟို ကျူးမားနှင့်အဖွဲ့အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အစည်း အဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး၊ ဂျပန်– မြန်မာအကျိုးတူပူးပေါင်းဆောင်ရွက်ရေး အသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ရေကြောင်းတက္ကသိုလ်ပါမောက္ခချုပ်နှင့် မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်း၊ မိုးလေဝသ နှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အကြီး အကဲများ တက်ရောက်ကြပြီး ဂျပန်– မြန်မာနှစ်နိုင်ငံ အကျိုးတူပူးပေါင်း ဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ˚˚PACON˚2006 အထိမ်းအမှတ် ညစာစားပွဲကို ဇွန် ၁၂ရက်ညပိုင်းတွင် ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။(သတင်းစဉ်)

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ပန်းတင်ကျွန်း ငမောက်ချောင်း အထက၌ ဇွန် ၅ရက်တွင် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနား ကျင်းပရာ ဆင်းရဲနွမ်းပါးသော ကျောင်းသား ကျောင်းသူများအား ပညာသင် ထောက်ပံ့ငွေများကို ဦးအောင်စိုးလှ(အထက)ကျောင်းဆောင်သစ် ဖြစ်မြောက်ရေး ဥက္ကဋ္ဌ(ရန်ကုန်)နှင့် ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်(ချမ်းမြေ့စတိုး)မြောက်ဥက္ကလာပ တို့က ထောက်ပံ့ငွေများပေးအပ်လှူဒါန်းစဉ်။ (က–ပ)

# ညောင်ကန်အေးသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇွန် ၁၄

အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်လမ်းမ အမှတ်(၆)ရှိ မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ (၂၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၉ရက် (ဝါဆိုလပြည့်) တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်ရာ သင်္ကန်းဒွိစုံတစ်စုံ တန်ဖိုးကျပ် ၃၀၀၀ သို့မဟုတ် မိမိနှစ်သက်ရာ သင်္ကန်းကိုဝယ်ယူ၍ဖြစ်စေ၊ သံဃာတစ်ပါး ဆွမ်း ကျပ် ၅၀၀၊ ယောဂီဥပုသ်သည် ဆွမ်းစရိတ်တစ်ဦး ကျပ် ၂၀၀၊ ထီးတစ်လက် ကျပ် ၁၅၀၀၊ ဖိနပ်တစ်ရံ ကျပ် ၁၀၀၀၊ ဆေးဝါးပစ္စည်းလေးပါးတို့ကို လှူဒါန်းလိုပါက ရိပ်သာ ဖုန်း–၆၄၂၂၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။ (ကြေးမုံ)

# မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၄

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဗဟုဇနဟိတရေ ဘဒ္ဒန္တ သောဘဏ(ဒီဃနိကာယကောဝိဒ သာသနာ့ဓဇ သိရီပဝရဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဇွန် ၁၈ရက်မှ ၂၇ရက်အထိ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း ၀၁–၅၇၁၂၅၈သို့ဖြစ်စေ ဇွန် ၁၇ရက်အရောက် ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ (က–ပ)

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ညောင်ဦးမြို့နယ် မြကန်ဆည် ရေဝေရေလဲစိုက်ခင်းများ စိုက်ပျိုးပြီးစီးမှုနှင့် အပင်ကြီးများ ရွှေ့ပြောင်းစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သစ်တောရေးရာ)



# အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၄

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၉ ရက်တွင် ကျောက်ပန်းတောင်းမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဆည်ပေါက်အမြဲတမ်းပျိုးဥယျာဉ်သို့ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ပျိုးပင်ပေါင်း ၂၅၀၀၀၀ကျော်စိုက်ပျိုးရန် စီမံထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက လမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများ၊ သဘာဝတောထိန်းနေရာများ၌ သတိပေး တားမြစ်ဆိုင်းဘုတ်များ စိုက်ထူထားရန်၊ စိုက်ခင်းများအောင်မြင်အောင်စိုက်ပျိုးရန် မှာကြားသည်။**

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ချောက်မြို့နယ် ရွှေပုံတောင်သို့ရောက်ရှိ ပြီး တမာစိုက်ခင်းများအတွင်း ခြံစည်းရိုး ကြက်ဆူပင်များ ရောနှောစိုက်ပျိုး အောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေး သည်။

## ဖြည့်စွက်ရှင်းလင်း

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးမြို့နယ် မြကန်စိမ်းလန်း စိုပြည်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိ ရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုး ခိုင်နှင့် သစ်တောဦးစီးဌာန ညွှန်ကြား ရေးမှူး ဦးဝင်းမောင်တို့က မြကန်ဆည် ရေဝေရေလဲ စိုက်ခင်းများ စိုက်ပျိုးပြီးစီး မှု၊ အပင်ကြီးများ ရွှေ့ပြောင်းစိုက်ပျိုး ထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ဖြည့်စွက်ရှင်းလင်းသည်။

## တုရင်းတောင်

ထို့နောက် ဝန်ကြီးက လိုအပ်သည် များကိုမှာကြားပြီး တုရင်းတောင် စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဇွန် ၁၀ရက်တွင် မုံရွာ မြို့ မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံ စက်မှုလုပ်ငန်းဌာန အမှတ်(၅) အထပ် သား စက်ရုံသို့ရောက်ရှိရာ စက်ရုံမှူး လက်ထောက် အထွေထွေမန်နေဂျာ ဦးသိန်းဆွေနှင့် စက်ရုံနှင့် ဖက်စပ် လုပ်ကိုင်နေသော လှိုင်မေတ္တာကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ချစ်လှိုင် တို့က စက်ရုံမှထွက်ရှိသော အထပ်သား များကို ပြသပြသို့ ပို့ဆောင်နေမှု အခြေ အနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့ သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြ သည်။ ထို့နောက် ဝန်ကြီးက စက်ရုံ အတွင်း သစ်ပါးလွှာနှင့် အထပ်သား ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

## အမှတ်တရစိုက်ပျိုးပေး

စစ်ကိုင်းတိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် သစ်တော ရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့သည် ဇွန် ၁၁ရက်တွင် မုံရွာမြို့ရှိ အနောက် မြောက်တိုင်းစစ်ဌာနချုပ် ခြံစည်းရိုး ကြက်ဆူပင်နှင့် ကြားသီးနှံရောနှော စိုက်ခင်းသို့ ရောက်ရှိကြပြီး ခြံစည်းရိုး ကြက်ဆူပင်များကို အမှတ်တရစိုက်ပျိုး ပေးကြသည်။

ထို့နောက် ဝန်ကြီးသည် ကန့်ဘလူ မြို့၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင် များကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကန့်ဘလူမြို့ရှိ အင်ကြင်းကျောက်တုံး ကြီး ထိန်းသိမ်းထားမှုကို ကြည့်ရှု စစ်ဆေးပြီး ပတ်ဝန်းကျင်ကို အင်ကြင်း တောဖြစ်အောင် စိုက်ပျိုးရန် မှာကြား သည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ချပ်သင်းဘေးမဲ့တောအတွင်း ရွှေသမင် များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေး ရာ ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးဌေး ဝင်းက ရှင်းလင်းတင်ပြသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ရွှေမိုးသာထရိတ်ဒင်းကုမ္ပဏီ၏ ကျွန်း စိုက်ခင်းဧက ၅၀၀ ကို လည်းကောင်း၊ ကန့်ဘလူမြို့နယ်အတွင်း တင်ဝင်းထွန်း သစ်ထုတ်လုပ်ရေးကုမ္ပဏီ၏ ကျွန်း စိုက်ခင်း ဧက ၇၀၀ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

# လယ်တီတရားစခန်းပွဲ မင်းဘူး၌ ဖွင့်မည်

**ရန်ကုန်  ဇွန်  ၁၄**

မင်းဘူးမြို့ ဓာတ်တော်ကုန်းဘုရားကုန်းမြေ၌ လယ်တီဓမ္မဗိမာန်ဓမ္မာရုံနှင့် ယောဂီဆောင်များ ရေစက်ချပွဲနှင့်အတူ လယ်တီဝိပဿနာခုနစ်ရက် တရားစခန်းကို ဇွန် ၂၄ရက် (နယုန်လကွယ်နေ့)တွင် စတင်မည်ဖြစ်ရာ ရန်ကုန်မြို့ လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် နာယကဆရာတော်များ ကြီးမှူးသော လယ်တီကမ္မဋ္ဌာနာစရိယများက သင်ကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများနှင့် ဆွမ်းကိစ္စလှူဒါန်းလိုသူများသည် ဘုရားဂေါပက ဦးဇေယျ ဖုန်း-၀၆၅-၃၀၂၉၀သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် တစ်နှစ်လျှင် သုံးကြိမ်ပုံမှန်တရားခန်းများ ဆက်လက်ဖွင့်သွားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

✡ **စာမျက်နှာ ၃ ဆောင်းပါးမှအဆက်**

၂၀၀၆-၂၀၀၇ ခုနှစ်တွင် ရော်ဘာ ၁၉၂၉၆၅ ဧက တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိသဖြင့် ထိုခုနှစ်တွင် စိုက်ပျိုးပြီးဧက ၇၄၅၈၁၁ ရှိလာမည်ဖြစ်သည်။ရော်ဘာအစေးလှီးဧကမှာ ၂၈၄၈၀၀ဖြစ်လာမည်ဖြစ်ပြီး ရော်ဘာအထွက် တစ်ဧကပျမ်းမျှပေါင် ၅၃၁ဒသမ၇၈ ရှိလာမည်ဖြစ်သဖြင့် စုစုပေါင်း ရော်ဘာအထွက် ၁၅၁၄၅၂၇၄၃ ပေါင်ရှိ၍ မက်ထရစ်တန်အားဖြင့် ၆၁၇၁၇ ဒသမ ၂၂ တန် ရှိလာမည်ဟု ခန့်မှန်းထားသည်။

အထူးသဖြင့် ရော်ဘာစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသည့်ရော်ဘာအထွက်ကောင်းမျိုးများကို စိုက်ပျိုးလျက်ရှိသည်။ မိုးရွာသွန်းမှုများပြားသည့် တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် BPM˚24၊ RRIC-100၊ RRIM-717၊ PB-260၊ PB-235 မျိုးများကို ဦးစားပေးစိုက်ပျိုးခဲ့ပြီး မိုးရွာသွန်းမှု အသင့်အတင့် ကောင်းမွန်သည့် ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် PB-260၊ ˚RRIM-717၊ PB-235၊ RRIM-623 ˚နှင့် ˚GT-1 မျိုးများကို ဦးစားပေးစိုက်ပျိုးသင့်သည်။ မိုးနည်းပါးပြီး အေးမြသည့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် တို့တွင် RRIM-600၊ GT-1၊ PR-255၊ PR-107၊ RRIM-623 မျိုးများကို ဦးစားပေးစိုက်ပျိုးရန် လိုအပ်သည်။

ရော်ဘာစိုက်ပျိုးလိုသော ပုဂ္ဂလိကခြံရှင်များအတွက် ရော်ဘာမျိုးမှန်ကန်မှုရှိစေရန် မြန်မာ့နှစ်ရှည်ပင် လုပ်ငန်း၊ နှစ်ရှည်ပင်များ အသုံးချသုတေသနဌာနမှ စနစ်တကျ မျိုးခွဲ၍ စိုက်ပျိုးစေသည်။ ရော်ဘာစိုက်ပျိုးရာတွင် စနစ်တကျ ပြုစုထိန်းသိမ်းရန် ပုံမှန်အရွယ်ရောက်ပြီး အစေးလှီးနိုင်ရန်နှင့် မှန်ကန်သော အစေးလှီးစနစ်ကို ကျင့်သုံးပြီး စီးပွားရေး သက်တမ်းပြည့် ရော်ဘာထုတ်လုပ်သွားနိုင်ရန် ထွက်ရှိသော ရော်ဘာများကို အတန်းအစားမြင့် ရော်ဘာပြားများ ရရှိရေးအတွက် လိုအပ်သော ဓာတုဆေးများကို စနစ်တကျ သုံးစွဲထုတ်လုပ်သွားရန် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ စည်းရုံးကာ လေ့ကျင့်ပညာပေး ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ အထွက်နှုန်း အထူးကောင်းမွန်သော 2000 Series Clones များဖြစ်သည့် 2001, 2004, 2008, 2014 မျိုးများကို ဌာနနှင့် ပုဂ္ဂလိကများ ပူးပေါင်း၍ ရော်ဘာခြံများတွင် ပျိုးပင်များ စမ်းသပ်ထုတ်လုပ်နေပေပြီ။

ရော်ဘာစိုက်ပျိုးခြင်းသည် ရော်ဘာပင်မှ ထုတ်လုပ်ရေးလုပ်ငန်းမစမီ ဝင်ငွေရရှိနိုင်ရန်အတွက် ရော်ဘာ ပင်တန်းကြားတွင် ကြားသီးနှံအဖြစ် (စပါး၊ ပဲအမျိုးမျိုး၊ နာနတ်၊ နှမ်း၊ ပြောင်း၊ ကန်စွန်းဥ၊ ဖရဲ)စသည့် ရာသီသီးနှံများကို စိုက်ပျိုးခြင်းဖြင့် နှစ်စဉ်ဝင်ငွေ ရရှိစေသည့်အတွက် ရော်ဘာစိုက်ပျိုးရင်းနှီးမြှုပ်နှံမှု ကုန်ကျ စရိတ်ငွေ၏ တစ်စိတ်တစ်ပိုင်းကို အထောက်အကူပြုစေသည်။ အပင်ငယ်စဉ် ကြားသီးနှံစိုက်ပျိုးခြင်းဖြင့် ပေါင်းရှင်းကုန်ကျစရိတ်ကို သက်သာစေပြီး မြေဆီလွှာတိုက်စားမှုကို ကာကွယ်ပေးနိုင်သည့်အပြင် သစ်ရွက်ဆွေး မြေဩဇာများကိုလည်း ရရှိနိုင်သည်။ ကြားသီးနှံအတွက် ထည့်သွင်းသော မြေဆီဩဇာများမှာ ရော်ဘာပင် အတွက် အာဟာရဓာတ်ကို ရရှိစေသည့် အကျိုးကျေးဇူးများကိုလည်း ရရှိနိုင်သည်။

ပြည်တွင်းဒေသနှင့် ကိုက်ညီသောမျိုးများကို ရွေးချယ်ထုတ်လုပ်ခြင်း၊ ပြည်ပမှ အထွက်ကောင်း မျိုးသစ်များ တင်သွင်း၍ ဒေသရေမြေနှင့် ကိုက်ညီမှုရှိ၊ မရှိ စမ်းသပ်စိုက်ပျိုးခြင်း၊ မျိုးစေ့ခြံများ တည်ထောင်ခြင်း၊ ဒေသအလိုက် ထည့်သွင်းရမည့် ဓာတ်မြေဩဇာနှုန်းထားစမ်းသပ်ခြင်း စသည့် ရော်ဘာသုတေသနလုပ်ငန်းများကို ထိရောက်စွာ တိုးချဲ့ထူထောင်၍ နည်းပညာဖွံ့ဖြိုးတိုးတက်လာစေရေးကို ဖော်ထုတ်ဆောင်ရွက်လျက် ရှိပေသည်။ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုသည် နိုင်ငံတော်အတွက်သာမက စိုက်ပျိုးသူများအတွက်ပါ အကျိုးများသော နှစ်ရှည်ပင်ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ရော်ဘာကို လယ်ယာကဏ္ဍ၏ အရေးကြီးသီးနှံအဆင့်သို့ တိုးမြှင့်ပေးပြီး ဖြစ်သည်။ တစ်ဧကအပေါ် ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးအမြတ်မှာ စ၍စိုက်သည်မှ ရှစ်နှစ်အကြာတွင် ဝင်ငွေ စတင်ရရှိမည်ဖြစ်ပြီး ရော်ဘာတစ်ဧကပေါ်မှ နှစ်စဉ်ပျမ်းမျှ အမြတ်ငွေကျပ် ၁ ဒသမ ၀၂ သိန်းကျော် ရရှိနိုင်သည်။ စီးပွားရေး သက်တမ်း နှစ် ၃၀ အတွင်း တစ်ဧကအမြတ်ငွေကျပ် ၂၃ ဒသမ ၆၁ သိန်းကျော် ရရှိနိုင်မည် ဖြစ်သဖြင့် ထိရောက်စွာ တိုးချဲ့စိုက်ပျိုးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ညှိကျ သဘာပတိ အဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေး ဆက်လက်ကျင်းပ

**အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ညှိကျသဘာပတိ အဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။** (သတင်းစဉ်)

**ရန်ကုန်  ဇွန်  ၁၄**

အမျိုးသားညီလာခံစုံညီအစည်းအဝေး အလုပ်ညှိကျ သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

ယင်းညှိနှိုင်း အစည်းအဝေးတွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ညှိကျ သဘာပတိအဖွဲ့ဝင် ဦးမြစိန်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အလုပ်ညှိကျ သဘာပတိ အဖွဲ့ဝင်များနှင့် လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်း အစည်းအဝေးတွင် ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၅ရက်မှ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၃၁ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ အခန်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ ဆိုင်ရာ အခန်းနှင့် တပ်မတော်အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့ရှစ်ဖွဲ့တို့က တင်သွင်းခဲ့သော စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ညှိကျသဘာပတိအဖွဲ့၏ လေ့လာတွေ့ရှိချက်ကို အမျိုးသားညီလာခံ ပြန်လည်ကျင်းပသည့်အခါ တင်ပြနိုင်ရန် ယမန်နေ့က ကျန်ရှိနေသော နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ ဆိုင်ရာ အခန်းနှင့် တပ်မတော်အခန်းအတွက် စာတမ်းများ ရေးသားပြုစုခြင်းကို ဆက်လက်ဆွေးနွေးဆောင်ရွက်ကြပြီး ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင် ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၉ ရက်က (၃၉)ရပ်ကွက် စာရိတ္တမဏ္ဍိုင်စာကြည့်တိုက်ရှေ့တွင်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဌေးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (မြို့နယ်ပြန်/ဆက်)

## သွေးလွန်တုပ်ကွေး ကာကွယ်

**လှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ (၃)ရပ်ကွက်အတွင်းရှိ အခြေခံပညာကျောင်းများတွင် သွေးလွန်တုပ်ကွေး ကာကွယ်ရေးလှုပ်ရှားမှုကို ဇွန် ၁၁ ရက်က ဆောင်ရွက်ရာ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများက ခြင်ဆေးဖျန်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းတို့ကို ပြုလုပ်ကြစဉ်။** (က-ပ)



# အောင်မင်္ဂလာဓမ္မရိပ်သာ ဝါတွင်းတရားစခန်းဖွင့်မည်

**ရန်ကုန်  ဇွန်  ၁၄**

မြောက်ဥက္ကလာပမြို့နယ်၊(င)ရပ်ကွက်၊ သန္တာ(၁၇)လမ်း၊ အောင်မင်္ဂလာဓမ္မရိပ်သာကြီးတွင် ဝါဆိုလပြည့်နေ့မှ လပြည့်ကျော် ၆ရက်၊ ဇူလိုင် ၉ရက်မှ ၁၅ရက်အထိ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အောင်မင်္ဂလာဓမ္မရိပ်သာပဓာနနာယက မြို့နယ်သံဃနာယကဆရာတော် ဘဒ္ဒန္တ ဥတ္တမနှင့် အောင်မင်္ဂလာ အရှင်ပဏ္ဍိတ ဓမ္မာစရိယ(ဗလဗ)၊ အောင်မင်္ဂလာ အရှင်ပညာဝံသာလင်္ကာရသာသနဓဇ ဓမ္မာစရိယ(တောင်သာ) ဆရာတော်တို့က သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ရာ ဖုန်း-၆၉၀၄၄၅ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

**ဧရာဝတီတိုင်း မအူပင်မြို့ ပြုံးချိုလေးလမ်း နဝင်းပရဟိတစာသင်တိုက် ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့နေမောင်ကျော်ထင်(နဝင်းဆေးတိုက်)-မနွယ်နွယ်ဝင်းတို့က မင်္ဂလာဦးအလှူဒါနအဖြစ် ဇွန် ၃ရက်က ငွေကျပ်နှစ်သိန်းကို ဗိုလ်မှူးချုပ်မျိုးမြင့်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# စာပေဗိမာန်စာမူဆုရ စာအုပ်များဖြန့်ချိ

**ရန်ကုန်  ဇွန်  ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်မှ စာပေဗိမာန်စာမူဆုရ စာအုပ်များကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

**စာအုပ်များ**

အဆိုပါ စာအုပ်များမှာ ၂၀၀၂ခုနှစ် စာပေဗိမာန်စာမူဆု စာပဒေသာ တတိယဆုရ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)၏ **"သမိုင်းထဲက တကောင်း"**စာအုပ်၊ ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ သောင်းမြင့်ဦး (ကွမ်းခြံကုန်း)၏ **"မဆုံးသောခရီး မပြီးသောတရားနှင့် အခြားဝတ္ထုတိုများ"**စာအုပ်၊ ၂၀၀၃ခုနှစ် စာပေဗိမာန်စာမူဆု ကလေးစာပေ ဒုတိယဆုရ မောင်သက်နှင်း(မ/ဥ)၏ **"ရတနာဆည်းလည်း မြမျက်ရွဲ ကဗျာများ"** စာအုပ်၊ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ နေစိုးသော်၏ **"နှလုံးသားရွှေအမြုတေ"**စာအုပ်နှင့် ကလေးစာပေ တတိယဆုရ ပန်းတနော်နောင်လတ်၏ **"ကဗျာလည်းသင် ပညာသင်"** စာအုပ်တို့ဖြစ်သည်။

**ဝယ်ယူနိုင်**

အဆိုပါ စာအုပ်များကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ မန္တလေးမြို့ ရတနာပုံဈေးသစ်(ဒုတိယထပ်)ရှိ စာပေဗိမာန် စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့်နယ်ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မကွေးတပ်နယ် စုပေါင်း ခြစ်စည်းရိုး ကြက်ဆူပင်စိုက်ပျိုးပွဲတွင် ခြစ်စည်းရိုး ကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

✧ **ရှေ့ဖုံးမှ**

ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့်အတူ ခြစ်စည်းရိုးကြက်ဆူပင် ၁၂၀၀၀ကို စုပေါင်းစိုက်ပျိုးသည်။

ယင်းနောက် မကွေးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးကျော့မောင်က မကွေးတိုင်းအတွင်း ခြစ်စည်းရိုးကြက်ဆူပင် လျာထားစိုက်ပျိုးဆောင်ရွက်မှုကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့နယ် ကွင်းအမှတ်(၂၉၀၄)၌ တောင်သူများ စိုက်ပျိုးထားသည့် နှမ်းစိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးပြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင် စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မကွေးတိုင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်မောင်အေးထူးက လျှပ်စစ်မြစ်ရေတင်စီမံကိန်း ဆောင်ရွက်ပြီးစီးမှု၊ မြို့ပြလုပ်ငန်းများပြီးစီးမှု၊ လျှပ်စစ်ရရှိမှု၊ စက်တပ်ဆင်မှုနှင့် ရေပေးဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပင်မရေတင်စခန်း၌ ရေပေးဝေနေမှုနှင့် လှေကားထစ် လယ်ယာဖော်ထုတ်မှု၊ ယာမှလယ်ပြောင်း၍ စံပြစိုက်ခင်းနေရာ၌ စပါးစိုက်ပျိုးမှုများကိုလည်းကောင်း၊ ရေတင်အဆင့်(၃)က ပေးဝေသည့်ရေဖြင့် စပါးစိုက်ပျိုးထားမှုများနှင့် သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင် စီမံကိန်း၏ လမ်းဝဲ/ယာ၌ စိုက်ပျိုးထားသည့် စပါးမျိုးသန့်စံပြကွက်များ၊ ပုတီးကုန်းကျေးရွာက စိုက်ပျိုးထားသည့် ယာမှလယ်သို့ပြောင်းရွှေ့စိုက်ပျိုးထားသည့် စပါးစိုက်ခင်းများ၊ နှမ်းခင်းများနှင့် မြေပဲခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရေနံချောင်းမြို့သို့အထွက် ကန်ပြားကျေးရွာအနီး၌ တည်ဆောက်လျက်ရှိသည့် အစိုးရနည်းပညာကောလိပ် ပင်မသုံးထပ်စာသင်ဆောင် တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရွှေဦးစွာ ဝင်းတော်ဝင် ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းသိဏ်းက ကျောင်းဆောက်လုပ်မှုအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ခိုင်ခိုင်အေးက ပညာသင်ကြားရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်းပေးပြီး ပင်မသုံးထပ် စာသင်ဆောင် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့နယ် ကန်လှကျေးရွာနှင့် မကျည်းကန်ကျေးရွာအကြား၌ တည်ဆောက်လျက်ရှိသည့် ခုတင် ၂၀၀ ဆံ့ သင်ကြားရေး ဆေးရုံတည်ဆောက်ရေးစီမံကိန်းနှင့် မကွေးဆေးတက္ကသိုလ် ပင်မဆောင် (Block-C) တည်ဆောက်ရေးစီမံကိန်းကို တာဝန်ယူ တည်ဆောက်လျက်ရှိသည့် အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်ရုံနှင့်အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ပါမောက္ခချုပ် ဒေါက်တာမောင်မောင်ဝင်းက မကွေးဆေးတက္ကသိုလ်၌ ကျောင်းသား၊ ကျောင်းသူများနှင့်စာသင်ကြားနေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ တည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာ ဦးသိန်းဇော်က သင်ကြားရေးဆေးရုံနှင့် စာသင်ဆောင်တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ခုတင် ၂၀၀ ဆံ့ သင်ကြားရေးဆေးရုံ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်နှင့် မကွေးဆေးတက္ကသိုလ် ပင်မဆောင် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် အရည်အသွေးကိုက်ညီရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မကွေးမြို့ရှိ မြို့တော်ခန်းမ၌ တိုင်း၊ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက် ၁၄ရပ်ကွက်မှ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွန်းနှင့် မင်းဘူးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးမျိုးတင့်တို့က မိမိတို့ ခရိုင်များ၏ စပါးတိုးချဲ့စိုက်ပျိုးမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက ခရိုင်အသီးသီး၏ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မကွေးတိုင်းသည် နိုင်ငံတော်၏စီးပွားရေးတွင် အားထားရသော တိုင်းကြီးများ၌ ပါဝင်သည့် တိုင်းတစ်တိုင်းဖြစ်ကြောင်း၊ စပါးစိုက်ပျိုးမှုရည်မှန်းချက်ဧက ၁၀သိန်း ပြည့်မီအောင် စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေနှင့်စိုက်ပျိုးမြေ တိုးချဲ့ရရှိရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ရှာဖွေဆောင်ရွက်သွားကြရန်၊ ခြစ်စည်းရိုးကြက်ဆူပင်များကို တိုင်းအတွင်း စီမံချက်ချမှတ်၍ဆောင်ရွက်လျက်ရှိသည့်အတိုင်း ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးကြရန်နှင့် မိမိတာဝန်ကျရာလုပ်ငန်းအသီးသီးကိုတာဝန်ကျေပွန်ရုံသာမကဘဲ စေတနာထား၍ပါ မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ မကွေးမြို့၌ ညအိပ်ရပ်နားသည်။ (သတင်းစဉ်)

✺ **အရက်နှင့်မှ**

သို့ရာတွင် ကော်ဖီနည်းတူ ကဖင်းဓာတ် ပါဝင်သည့် လက်ဖက်ရည်သောက်သုံးပါက အရက်သောက်သုံးမှုနှင့် ဆက်နွှယ်နေသော အသည်းရောဂါဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်ကို လျော့နည်းစေနိုင်သည်ဟု မဆိုနိုင်ကြောင်း၊ သို့ဖြစ်၍ ကဖင်းဓာတ်တစ်မျိုးတည်းသည် ကော်ဖီသောက်သုံးမှုနှင့် အသည်းရောဂါဖြစ်ပွားနိုင်မှု အခြေအနေတို့ကို ဆက်စပ်ပေးနိုင်သည်ဟု မယူဆနိုင်ကြောင်း လေ့လာချက်တွင် ဖော်ပြထားသည်။

အကယ်၍ ကော်ဖီသောက်သုံးမှုကြောင့် အရက်သောက်သုံးမှုနှင့် ဆက်နွှယ်နေသော အသည်းရောဂါဘေးအန္တရာယ်ကို အမှန်တကယ် လျှော့ချပေးနိုင်လျှင်သော်မှ အသည်းမပျက်စေရန် လုပ်ဆောင်နိုင်သည့် တစ်ခုတည်းသောနည်းလမ်းအဖြစ် အရက်သောက်သုံးမှုကို လျှော့ချရမည်ဖြစ်ကြောင်း သုတေသီများက အကြံပြုထားသည်။ ***အင်တာနက်***

# ကြေးပိဋကတ်တော်ပြုလုပ်ရန် အလှူငွေများ လှူဒါန်း

**ရန်ကုန် ဇွန် ၁၄**

မြတ်ဗုဒ္ဓ၏ ပိဋကတ်ကျမ်းစာတော်များကို ကြေးပြားတွင်ရေးထွင်း၍ ကြေးပိဋကတ်တော်တစ်ဆူ ပြုလုပ်လှူဒါန်းလျက်ရှိရာဦးဆောင်ဆရာတော် ဘဒ္ဒန္တ ဉာဏ(သာသနာ့ဓဇ ဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ) မင်္ဂလာတိုက်ကျောင်းကျောင်းတော်ရာ ရွှေကျင်တိုက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်ထံသို့ ကမာရွတ်မြို့နယ်၊ ပြည်လမ်းနေ ဦးလှဆန်း–ဒေါ်မြင့်မြင့်သန်း၊ သမီး မယုမွန်ဆန်း၊ မသက်မွန်ဆန်း၊ မအေးမွန်ဆန်းမိသားစု ကြေးပြားသုံးချပ် အလှူငွေ ကျပ် ၅၄၀၀၀၊ အရှေ့ရန်ကင်း၊ တိုက်အမှတ် ၂၅၆ နေ ဒေါ်ခင်မာငွေး (အထပြဆရာမ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)က ကွယ်လွန်သူမိဘများ ဦးခင်မောင်သန်း၊ ဒေါ်သန်းတို့အား ရည်စူး၍ ကြေးပြားသုံးချပ် အလှူငွေ ကျပ် ၅၄၀၀၀၊ တောင်ဥက္ကလာပမြို့နယ်၊ ၃ရပ်ကွက်၊ ၁၄လမ်းနေ ဒေါ်မြရင်က ကြေးပြားသုံးချပ် အလှူငွေ ၅၄၀၀၀ကျပ်၊ လှိုင်မြို့နယ်၊ သမိုင်းရွှေထီးအိမ်ရာနေဦးဝင်းကျော်–မစိုးဥမ္မာထိုက်မိသားစုကကြေးပြားသုံးချပ် အလှူငွေ ကျပ် ၅၄၀၀၀၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ (တောင်)နေ မိဘနှစ်ပါး ဦးလှဒင်၊ ဒေါ်ခင်စောဟန်နှင့်သမီး ဒေါ်စီစီလှ၊ သား ဦးရဲမိုးဒင်၊ ဦးမျိုးဒင်ကျော်၊ ဦးမင်းဒင်ကျော်မိသားစုက ကြေးပြားသုံးချပ် အလှူငွေ ကျပ် ၅၄၀၀၀ လာရောက်လှူဒါန်းကြသည်။ (ကြေးမုံ)

**၂၀၀၆ ခုနှစ်၊ ဇူလိုင်လ (၃)ရက်**

**မြန်မာအမျိုးသမီးများနေ့**

**အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့**

**ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စို့**

**အင်တာနက် သတင်း**

**တရုတ်နိုင်ငံ မြို့တော် ပေကျင်းရှိ နိုင်ငံတကာ လေဆိပ်တွင် အဲချိုင်းနား လေကြောင်းဌာနပိုင် ခရီးသည်တင်လေယာဉ်တစ်စင်းကို တွေ့ရစဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*

# ဒေသဆိုင်ရာမြို့ပြလေကြောင်း ဗဟိုအချက်အချာနိုင်ငံ တရုတ်နိုင်ငံဖြစ်လာနိုင်ဟု လေ့လာချက်တွင် ဖော်ပြ

**ဟောင်ကောင် ဇွန် ၁၄**

တရုတ်နိုင်ငံ၏ မြို့ပြလေကြောင်းကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ယင်းနိုင်ငံသည် အာရှတွင် မြို့ပြလေကြောင်းလုပ်ငန်းများ၏ ဗဟိုအချက်အချာနိုင်ငံဖြစ်လာနိုင်ကြောင်း ကမ္ဘာ့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားကြောင်း ဇွန်၁၄ရက်က အင်တာနက်သတင်းအရ သိရသည်။

တရုတ်လေကြောင်းဌာနများသာမက လေကြောင်းနှင့် အာကာသဆိုင်ရာ စက်မှုလုပ်ငန်းများပါ တိုးတက်မှုအရှိန်အဟုန်မြင့်မာလာခြင်းကြောင့် ဒေသဆိုင်ရာ မြို့ပြလေကြောင်းလုပ်ငန်းများအရ အချက်အချာနိုင်ငံအဖြစ် တရုတ်နိုင်ငံရပ်တည်လာမည်ဖြစ်ကြောင်း လေ့လာချက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ မြို့ပြလေကြောင်းဈေးကွက်သည် အမေရိကန်ဒေါ်လာ ၂ ထရီလီယံ ရင်းနှီးမြှုပ်နှံမှုရှိသည့် ဈေးကွက်ကြီးဖြစ်သည်။

တရုတ်လေကြောင်းဌာနများသည် ၂၀၀၄ခုနှစ်တွင် ခရီးသည်သန်း၁၂၀ကို ပို့ဆောင်ပေးခဲ့သည်။ ယင်းမှာ ၂၀၀၃ခုနှစ်ကထက် ၃၈ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခြင်းဖြစ်သည်။ ၂၀၀၃ခုနှစ်တွင် ကူးစက်မြန် ပြင်းထန်နမိုးနီးယားရောဂါ(ဆားစ်)ကူးစက်ပျံ့နှံ့မှု ဘေးအန္တရာယ်ကြောင့် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ထိခိုက်ခဲ့ရသည်။

၂၀၀၅ခုနှစ်တွင်မူ လေကြောင်းခရီးသည်ပို့ဆောင်ပေးနိုင်မှုနှုန်း၂၀ ရာခိုင်နှုန်း မြင့်တက်လာပြီး ယခုနှစ်တွင်မူ ၁၅ ရာခိုင်နှုန်း တိုးတက်မှုရှိမည်ဟု ခန့်မှန်းရသည်။ ***အင်တာနက်***

❖ **ကာကွယ်ရေးဝန်ကြီးဌာနမှ**

အမျိုးအစား အထွက်တိုးစပါးစိုက်ပျိုးမှုနှင့် စပါးထွက်ရှိမှုအခြေအနေ၊ အကျိုးရလဒ်ရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက စပါးစိုက်ပျိုးထုတ်လုပ်မှုကို ပိုမိုအကျိုးဖြစ်ထွန်းစေမည့် စက်မှုလယ်ယာစနစ်သို့ ရောက်ရှိအောင် ကြိုးစားဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

**မိုင်းငေါ့မြို့ ဖွံ့ဖြိုးတိုးတက်မှု**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုင်းငေါ့မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး မိုင်းငေါ့မြို့ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိကြရာ ဧည့်ခန်းမ၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှမ်းပြည်နယ်(မြောက်ပိုင်း) အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်း၊ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းနှင့် ရပ်မိရပ်ဖ ဦးအောင်သန်းတို့က မိုင်းငေါ့မြို့၏ ဒေသဆိုင်ရာအခြေအနေများ၊ ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသ၏ လမ်း၊ တံတားများအခြေအနေ၊ ဒေသ၏ အဓိကစိုက်ပျိုးသီးနှံ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး ကျောက်မဲ-မိုင်းငေါ့-နမ့်ဆန်လမ်းနှင့် မိုင်းငေါ့-မိုးမိတ်လမ်းတို့ကို ရာသီမရွေး ဆက်သွယ်သွားလာနိုင်အောင် ဆောင်ရွက်ရေး၊ ဒေသ၏ အဓိကစိုက်ပျိုးသီးနှံဖြစ်သော လက်ဖက်ကို နိုင်ငံတကာဈေးကွက်တွင် မျက်နှာပန်းလှစေရန်၊ အရည်အသွေး ပိုမိုကောင်းမွန်အောင် ကြံဆောင်ထုတ်လုပ်ရေး၊ ခြံစည်းရိုးကြက်ဆူပင်များကို မြေလွတ်များနှင့် တောင်ကုန်းတောင်စောင်းများပေါ်တွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရေးတို့ကို မှာကြားသည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုင်းငေါ့မြို့ဝန်းကျင်ရှိ စပါးစိုက်ခင်းများနှင့် နွေစပါးစိုက်ခင်းများအတွက် စိုက်ပျိုးရေ ရယူနေသော မိုင်းငေါ့ရေလွှဲဆည်တို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ကျောက်မဲမြို့နယ် ဟဲခမ်းကျေးရွာသို့ ရောက်ရှိကာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ကျေးရွာဒေသခံ တိုင်းရင်းသားများအတွက် ဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျောက်မဲ-မိုင်းငေါ့-နမ့်ဆန်လမ်းပိုင်းအခြေအနေ၊ လမ်းတစ်လျှောက်ရှိ ကျေးရွာများ၏ ကျေးလက်ဒေသဖွံ့ဖြိုးမှုအခြေအနေ၊ စပါးနှင့် လက်ဖက်စိုက်ခင်းများနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ထိန်းသိမ်းစောင့်ရှောက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး နမ့်ဆန်မြို့သို့ ရောက်ရှိကြသည်။

**မှာကြား**

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နမ့်ဆန်မြို့ရှိ မြို့နယ်ဧည့်ရိပ်သာ၌ နမ့်ဆန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကီးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် မှာကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်လည်း တက်ရောက်သည်။ (သတင်းစဉ်)

❍ **ကမ္ဘာ့ဖလားမှ**

ပွဲချိန် ၄၇ မိနစ်တွင် စပိန်အသင်းမှ ဖာနန်ဒိုတောရက်စ်အား နောက်မှဆွဲထားမှုကြောင့် ယူကရိန်းအသင်းမှ ဗလာဒီဆလပ်ဗ် ဗက်ချောက် အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရပြီး ပိုင်နယ်တီပေးခံရသည်။

အဆိုပါပိုင်နယ်တီကို ဗီလာက ကန်သွင်း၍ စပိန် တတိယမြောက်ဂိုးရရှိသည်။

ပွဲချိန် မိနစ် ၈၀ တွင် ဖာနန်ဒိုတောရက်စ်က စတုတ္ထမြောက်ဂိုးကို သွင်းယူခဲ့သည်။

ယနေ့ပွဲတွင် ယူကရိန်းအသင်းမှ ရုက်ချင်ကိုမှာ အထူးတလည် ခြေစွမ်းပြကစားနိုင်ခြင်းမရှိကြောင်း တွေ့ရှိရသည်။ **အင်တာနက်။**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ဗဟို)အတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် ခရိုင်အတွင်းရှိ မြို့နယ်များမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအဖွဲ့အစည်းများအား အမှာစကားပြောကြားစဉ်။** (ဆက်သွယ်ရေး)

# တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၄

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဇွန် ၉ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိပြီး မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်ဆရာတော် နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သီလဝံသအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းနှင့် သုံးထပ်သံဃာစာသင်စောင် ဆောက်လုပ်ရန်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။**

ဆက်လက်၍ ဗဟိုအတွင်းရေးမှူးသည် ကြက်ပေါင်ခြံရပ်ကွက်ရှိ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး ရွှေစက်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း၌ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံ၍ ကျောင်းဆောင်သစ်ဆောက်လုပ်နေသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူးသည် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အလုပ်အမှုဆောင်များနှင့် တွေ့ဆုံ၍ အသင်းအဆင့်ဆင့်၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဆောင်ရွက်ပေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် ဇွန် ၁၀ရက် နံနက်ပိုင်းတွင် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ခရိုင်အတွင်းရှိ မြို့နယ်များမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖနှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအနှံ့ မြေလွတ်မကျန် မိုးသီးနှံ အောင်မြင်အောင် စိုက်ပျိုးနိုင်ရေး၊ ကျေးလက်မီးလင်းရေး၊ ဆက်သွယ်မှု ကောင်းမွန်စေရေးတို့အတွက် ဆွေးနွေးကြပြီး ဗန်းမော်ခရိုင်အတွင်း မူလတန်းအဆင့် ကျောင်းများအတွက် လိုအပ်နေသော စာသင်ခုံများ ပြုလုပ်ရန် အလှူငွေများနှင့် ကျောင်းသားလူငယ်များ အသုံးပြုရန် ထီးနှင့် မိုးကာများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဒေါ့ဖုန်းယန်မြို့ရှိ မိုက္ကရိုဝေ့ဗ်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ယခုအခါ ဗန်းမော်-မြို့သစ်-ဒေါ့ဖုန်းယန်မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း တည်ဆောက် ပြီးသွားပြီဖြစ်သဖြင့် ဒေသအတွင်း တစ်နေရာနှင့်တစ်နေရာ လွယ်ကူစွာ ဆက်သွယ်ပြောဆိုနိုင်ကြပြီဖြစ်သည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့သည် မြစ်ကြီးနား-ဗန်းမော်ကားလမ်းတစ်လျှောက် လမ်းအဆင့်မြှင့်တင် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြစ်ကြီးနား-ဗန်းမော် ကားလမ်း ၁၁၆ မိုင်အကွာ အဝေးကို ယခင်က ညအိပ်ခရီးအဖြစ် ခက်ခဲစွာ သွားခဲ့ကြရသည်။

ယခုအခါ တံတားများနှင့် လမ်းများ အဆင့်မြှင့် ပြုပြင်ပြီးဖြစ်သဖြင့် ခရီးသည်တင်ယာဉ်များ လေးနာရီခန့်သာ မောင်းနှင်ရပြီး နေ့ချင်းပြန်ခရီးစဉ်များပင် ပြေးဆွဲလျက်ရှိသည်။

ဆက်လက်၍ ဝိုင်းမော်မြို့နယ် ဂျာထယန်ကျေးရွာရှိ မလိချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး တည်ဆောက်တပ်ဆင်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

စက်ရုံ တည်ဆောက်ပြီးစီးပါက လျှပ်စစ်ဓာတ်အား ၃ဒသမ ၅မဂ္ဂါဝပ် ထုတ်လွှတ်နိုင်သော ဂျင်နရေတာ သုံးလုံး တပ်ဆင်ပြီး ပတ်ဝန်းကျင်ဒေသများသို့ ၁၀ဒသမ ၅မဂ္ဂါဝပ်ရှိ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။ ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဝိုင်းမော်မြို့နယ် ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကာ စက်တပ်ဆင်ထားရှိမှုအခြေအနေများနှင့် ဝိုင်းမော်မြို့မှ ပြည်တွင်း ပြည်ပများသို့ တယ်လီဖုန်း ခေါ်ဆိုရရှိနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ (သတင်းစဉ်)

**အင်းစိန်မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းမှ ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် "မူးယစ်ဒုက္ခမပေါ့ဆ"နှင့် ခေါင်းစဉ်ဖြင့် မြို့နယ်အတွင်းရှိ အခြေခံကျောင်းပေါင်းစုံ ကဗျာပြိုင်ပွဲကို ဇွန် ၁၀ ရက်က အင်းစိန် အထက(၁) သံလွင်ဆောင်၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးယုနိုင်၊ ပညာရေးမှူး ဦးရန်နောင်၊ မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးအေးသိန်း၊ အတွင်းရေးမှူး ဦးငွေးကြွယ်နှင့် အမှုဆောင်များ ကြည့်ရှုအားပေးစဉ်။** (က-ပ)

✻ **ကျောဖုံးမှ**

အမှတ်(၁၀)ရပ်ကွက် ရာဇာဓိရာဇ်လမ်းရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း) အခွန်လွတ်ဈေးသို့လည်းကောင်း၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ တာမွေအခွန်လွတ်ဈေးသို့လည်းကောင်း၊ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ရန်ကင်းကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့လည်းကောင်း သွားရောက်၍ ဈေးများအတွင်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်တိုင်းအတွင်းရှိ ပြည်သူများအတွက် လိုအပ်သည့် အခြေခံစားသောက်ကုန်များကို သန့်ရှင်းလတ်ဆတ်စွာ၊ ဈေးနှုန်းသက်သာစွာ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်စေရန် ရည်ရွယ်၍ တိုင်းအတွင်း ယခင်က အခွန်လွတ်ဈေးခြောက်ခုသာရှိခဲ့ရာမှ ယခုအခါ အခွန်လွတ်ဈေးသစ်ငါးခု ထပ်မံတိုးချဲ့ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဈေးအင်္ဂါရပ်များနှင့် ညီညွတ်စေရေးနှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ရောင်းချဝယ်ယူကြစေရေး ဝိုင်းဝန်းကြပ်မတ် ထိန်းသိမ်းကြရန်လိုကြောင်း မှာကြားပြီး ဈေးရောင်းချသူများနှင့် ဈေးဝယ်ယူသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးအသီးသီးတို့တွင် ဝန်ကြီးဌာနများ၊ တပ်ရင်းတပ်ဖွဲ့များ၊ အသင်းအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအရောင်းဆိုင်များက လူသုံးကုန်ပစ္စည်းများ အပါအဝင် သန့်ရှင်းလတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များနှင့် သားငါးများ၊ ကြက်ဥများကို ပြည်သူများဈေးနှုန်း သက်သာစွာ၊ စိတ်ချမ်းမြေ့စွာဖြင့် ဝယ်ယူနိုင်ရေးအတွက် ရောင်းချပေးလျက်ရှိရာ ဈေးဝယ်ယူသူပြည်သူများဖြင့် စည်ကားလျက်ရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၅-၆-၂၀၀၆ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၀၅ ၇။ အဆိုပြိုင်ပွဲ
- ၈း၁၀ ၈။ အကပဒေသာ
- ၈း၂၀ ၉။ ရင်းငြိမ်ရေထိန်းတံခါး
- ၈း၃၀ ၁၀။ International News.
- ၈း၄၅ ၁၁။ Let's Go.
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ English for Everyday Use
- ၄း၄၀ ၄။ တေးဂီတအစီအစဉ်
- ၄း၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (သတ္တဗေဒအထူးပြု)(သတ္တဗေဒ)
- ၅း၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅း၂၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅း၃၀ ၈။ တေးဂီတအစီအစဉ်
- ၅း၄၅ ၉။ **"သတိတစ်ချက် တစ်သက်အမှား" (ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊နန်းကလျာလှိုင်) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ ဖွံ့ဖြိုးမှုအလှပန်းများရှုမငြီး ကျေးလက်ဆင်ရှာကြီး
- ၆း၄၅ ၁၃။ **"စက်မှုဇုန်မှာ ကျွန်မ စက်ရုံလာတည်တော့မယ်" (ဖြိုးငွေစိုး၊မိုးဒီ၊စောနိုင်-ရှမ်းပြည်၊ သဇင်၊နှင်းဆီ၊ခင်မို့မို့အေး) (ဒါရိုက်တာ-တင်အောင်ရွှေ-သုတေသီ)**
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ ဖန်ပန်းလှလှ(အပိုင်း-၁၇)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ ရွှေ့နေ(အပိုင်း-၁၄)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

# လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေး သီးခြားတာဝန်ပေးဆောင်ရွက်နေ တာဝန်ရှိသူများ မိမိတာဝန်ကိုကျေပွန်အောင် ဆောင်ရွက်သွားစေလို

ရန်ကုန် ဇွန် ၁၄

**အမှတ်(၂)လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်သည် ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့်တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်း ထန်းတပင်မြို့သို့ရောက်ရှိပြီး မှော်ဘီမြို့နယ် မြောင်းတကာ ဓာတ်အားခွဲရုံမှ လှိုင်သာယာမြို့နယ် လှိုင်သာယာဓာတ်အားခွဲရုံသို့ သွယ်တန်းထားသော ၂၃၀ ကေဗွီ ဓာတ်အားလိုင်းသွယ်တန်းတည်ဆောက်ခြင်းလုပ်ငန်း၊ လှိုင်မြစ်ကျော်တာဝါများ တည်ဆောက်ပြီးစီးမှု အခြေအနေများကြည့်ရှုစစ်ဆေးရာ တောင်ပိုင်းလိုင်းစီမံကိန်း ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က မြစ်ကျော်တာဝါလုပ်ငန်းကို မေ ၁၆ ရက်တွင် ပြီးစီးခဲ့ပါကြောင်း၊ မြစ်၏အရှေ့ဘက်တွင် မှော်ဘီမြို့နှင့်အနောက်ဘက်တွင် ထန်းတပင်မြို့တို့ တည်ရှိပါကြောင်းနှင့် တည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရေရှည်ဓာတ်အားပေးလွှတ်နိုင်ရေးအတွက် ထိန်းသိမ်းမှုလုပ်ငန်းများကို အစဉ်မပြတ်လုပ်ကိုင် စေလိုကြောင်းနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ဆက်လက်၍ ဝန်ကြီးသည် လမ်းတစ်လျှောက် တာဝါတိုင်များ၌ ကြွေသီးများတပ်ဆင်မှုကို ကြည့်ရှုပြီး လှိုင်သာယာမြို့နယ်ရှိ ပင်မဓာတ်အားခွဲရုံ လှိုင်သာယာကိုရောက်ရှိရာ တောင်ပိုင်းလိုင်းစီမံကိန်း ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်နှင့် တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အားလိုင်းများ တည်ဆောက်မှုအခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပင်မခွဲရုံရှိ (11)KV Switch Gear Room တွင် ကြည့်ရှုစစ်ဆေးရာ လက်ထောက်အမှုဆောင်အင်ဂျင်နီယာ ဦးကျော်နိုင်ထွန်းက Switch Gear များ တပ်ဆင်ပြီးစီးမှုကို လည်းကောင်း၊ ဗဟိုထိန်းချုပ်ခန်း ထိန်းချုပ်စက်ခလုတ်များ တပ်ဆင်ပြီးစီးမှုနှင့် ၂၃၀ကေဗွီ ဓာတ်အားလက်ခံရရှိမှုနှင့် ပြန်လည်ဖြန့်ဖြူးမှု အဆင့်ဆင့်ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် (1000) MVA, 230/33/11 KV Power ထရန်စဖော်များ တပ်ဆင်ပြီးစီးမှုကိုလည်းကောင်း၊ 230 KV Switch Yard အတွင်း ဓာတ်အား လက်ခံရယူမည့်ခလုတ်များ တပ်ဆင်ပြီးစီးမှုကိုလည်းကောင်း၊ 33 KV Switch အတွင်း 33 KV ဓာတ်အားလိုင်းများ ဖြန့်ဖြူးနိုင်ရန် စက်ခလုတ်များ တပ်ဆင်ပြီးစီးမှုကိုလည်းကောင်းကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာချုပ် ဦးထွန်းအေးကလည်း 33KV ဓာတ်အားလိုင်း ငါးလိုင်းဖြင့် ဓာတ်အားဖြန့်ဖြူးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် 230KV ဓာတ်အားလိုင်း မြေဓာတ်ကြိုးဆွဲတားရန်အတွက် အစသတ်ခြင်းလုပ်ငန်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ (လိုင်း) ဦးသိန်းလွင်က ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးသည် လျှပ်စစ်ဓာတ်အားလိုင်းများဆွဲရာတွင် အသုံးပြုမည့် ကြိုးအမျိုးအစားများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေ-တောင်ဥက္ကလာပမြို့နယ်ရုံးသို့ ရောက်ရှိရာရှေးဦးစွာ အရှေ့ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က လျှပ်စစ်ဓာတ်အား လက်ခံရရှိမှုနှင့် ဖြန့်ဝေပေးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရန်ကုန်မြို့ကိုရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သီးခြားတာဝန်ပေး၍ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး ဆောင်ရွက်နေကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အား အပြည့်အဝပေးနိုင်ရေးကို တာဝန်အဆင့်ဆင့်ပေး၍ လုပ်ကိုင်စေမှာဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မိမိတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်သွားစေလိုကြောင်း၊ လျှပ်စစ်ဓာတ်အားအချိန်ပြည့်ပေးနိုင်ရန် အချင်းချင်းကလည်း ပေါင်းစပ်ညှိနှိုင်းမှု ရှိရမည်ဖြစ်ကြောင်း၊ ပြည်သူကို အလုပ်အကျွေးပြုသော ဝန်ထမ်းများဖြစ်ရန်လိုကြောင်း ပြောကြားပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

## လှိုင်မြစ်ကျော်တာဝါ ကြည့်ရှုစစ်ဆေး

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ထန်းတပင်မြို့နယ်တွင် လှိုင်မြစ်ကျော်တာဝါများ တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# ကျောင်းအပ်နှံစရိတ်နှင့် ဗလာစာအုပ်လှူဒါန်းပွဲ အထက(သုဝဏ္ဏ)တွင် ကျင်းပ

**ရန်ကုန် ဇွန် ၁၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(သုဝဏ္ဏ) ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ကြီးမှူး၍ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးအတွက် ကျောင်းအပ်နှံပေးခြင်း၊ ကျောင်းနေရန်အခက်အခဲရှိသော ကျောင်းသား၊ ကျောင်းသူများအား ကျောင်းစရိတ်ထောက်ပံ့ခြင်းနှင့် ဗလာစာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် အထက(သုဝဏ္ဏ) ကွန်ပျူတာခန်းမ၌ ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်နှင့် အဖွဲ့ဝင်များ၊ အငြိမ်းစားဆရာ၊ ဆရာမများ၊ လူမှုထောက်ပံ့ရေး ကော်မတီဥက္ကဋ္ဌ ဦးလှတင်နှင့် အဖွဲ့ဝင်များ၊ မိဘဆရာအသင်း အမှုဆောင်များ၊ ကျောင်းအုပ်ဆရာကြီးဦးထွန်းမင်းနှင့် ဆရာ၊ ဆရာမများ၊ အလှူရှင်များ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့ကအမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်ကထောက်ပံ့လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် ကျောင်းသား၊ကျောင်းသူ ၁၀၀ အတွက် ကျောင်းအပ်နှံစရိတ်နှင့် ဗလာစာအုပ်များပေးအပ်လှူဒါန်းပြီး **(အောက်ပုံ)** ကျောင်း အကျိုးတော်ဆောင်အဖွဲ့ နာယက ဗိုလ်မှူးကြီးအောင်ဒင်(ငြိမ်း)က နိဂုံးချုပ်အမှာ စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ အခမ်းအနားတွင် ကျောင်းအပ်နှံစရိတ်နှင့် ဗလာစာအုပ် စုစုပေါင်း ကျပ်လေးသိန်းကျော်ဖိုး လှူဒါန်းခဲ့သည်။ (ပညာရေး)

# ဆယ်အိမ်စုမှူး အကောင်အထည်ဖော်ရေး ဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၁၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ကကြီးမှူး၍ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်နှင့် ဗိုလ်တထောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့ပူးပေါင်းဖွင့်လှစ်သော ဆယ်အိမ်စုမှူးအကောင်အထည်ဖော်ရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပသည်။

## ပေးအပ်

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်နန်းရွှေယဉ်က အဖွင့်အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်နှင့် ဗိုလ်တထောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများက မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်ရာသက်ပန်အဆိုပြုလွှာများကို ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌထံသို့ ပေးအပ်ကြသည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ယဉ်မြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ ဆယ်အိမ်စုမှူး အကောင်အထည်ဖော်ရေး ဆရာဖြစ်ဆင့်ပွားသင်တန်းသို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်နှင့် ဗိုလ်တထောင်မြို့နယ်များမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေး ရာသက်ပန်အသင်းဝင် ၁၄၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန် ၁၄ ရက်မှ ၁၅ရက်အထိ ဖြစ်ကြောင်းသိရှိရသည်။

## ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အထက(၁) မင်္ဂလာတောင်ညွန့် ကျောင်းဝင်းအတွင်း၊ အပြင် ပတ်ဝန်းကျင်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အရန်မီးသတ်၊ ကြက်ခြေနီ၊ မိခင်နှင့်ကလေး အသင်းဝင်များနှင့် ကျောင်းသူ၊ ကျောင်းသားများ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ခြင်းတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

(ကြေးမုံ)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၁၅-၆-၂၀၀၆ (ကြာသပတေးနေ့)

### နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

### ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ-Spain Vs Ukraine(Delay)
၆:၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၆။ နိုင်ငံတကာသတင်း
၆:၂၀ ၇။ မိုးလေဝသသတင်း
၆:၂၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၉။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ"(အပိုင်း-၂၅)**
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၃။ ကျန်းမာသုတ
၁၄။ မေးမြန်းစူးစမ်း
၁၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၆။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ-England Vs Trinidad(Live)
၁၇။ သင့်အတွက်မနက်ဖြန်
၁၈။ အပိတ်နှုတ်ဆက်စကား
၁၉။ ပြီးပါပြီ။

---

(၁၆-၆-၂၀၀၆)ရက်နေ့
နံနက်ပိုင်း ၀၁:၃၀
FIFA WORLD CUP GERMANY 2006
ဘောလုံးပွဲ-Sweden Vs Paraguay(Live)

# ပညာသင်စရိတ်၊ ကျောင်းသုံးစာရေးကိရိယာ၊ ပရိဘောဂနှင့် ကျေးလက်မီးလင်းရေး ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၄

**ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ၂၀၀၄-၂၀၀၅ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသော အသင်းဝင်ထူးချွန် ကျောင်းသားကျောင်းသူများသို့ ပညာသင်စရိတ်နှင့် ကျေးလက်မီးလင်းရေး ထောက်ပံ့ငွေပေးအပ်ပွဲကို ဇွန် ၁၀ရက်တွင် ပြည်မြို့ တိုင်းအသင်းရုံး၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးနှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်း)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ အသင်းသားအသင်းသူများ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားရာတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး ပညာထူးချွန်ပြီးချို့တဲ့သော ကျောင်းသားကျောင်းသူများ အဆင့်မြင့်ပညာ ဆက်လက်သင်ကြားနိုင်ရန် ထောက်ပံ့ကူညီမှု၊ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများသို့ နှစ်စဉ် စာအုပ်နှင့် စာရေးကိရိယာ လှူဒါန်းမှုအခြေအနေ၊ ကျောင်းသုံးပရိဘောဂ လိုအပ်ချက်ရှိသော မူလတန်းကျောင်းများအတွက် စားပွဲ၊ ထိုင်ခုံများ လှူဒါန်းဖြည့်ဆည်းရန် ဆောင်ရွက်ထားရှိမှုများ အပါအဝင် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

### ကျေးလက်မီးလင်းရေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ပညာသင်ထောက်ပံ့ငွေများကို ကျောင်းသားကျောင်းသူတစ်ဦးချင်းသို့ လည်းကောင်း၊ ကျေးလက်မီးလင်းရေးအလှူငွေများကို ကျေးရွာကိုယ်စားလှယ်များသို့လည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အတူ ပြည်မြို့ ဓမ္မောဒယဘုန်းတော်ကြီးကျောင်း၌ကျင်းပသော ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ စာရေးကိရိယာများလှူဒါန်းပွဲသို့တက်ရောက်၍ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၁၀ ကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်နှင့် ခဲတံများကို ကျောင်းထိုင်ဆရာတော်များထံသို့ လှူဒါန်းကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်နှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့သည် ပြည်မြို့ မှတ်ရှည်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ပန်းတောင်းမြို့နယ် ညောင်ပင်သာကျေးရွာ အခြေခံပညာ မူလတန်းကျောင်းများသို့ သွားရောက်၍ ကျောင်းများ၌ လိုအပ်လျက်ရှိသော စာရေးစားပွဲနှင့် ထိုင်ခုံများကို သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမကြီးများထံ လှူဒါန်းကြသည်။

### ဆွေးနွေးမှာကြား

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ဇွန် ၁၁ရက်တွင် ရွှေတောင်မြို့နယ် မင်းကွန်းကျေးရွာအုပ်စု စပါးခွဲဇီဝ ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံ၏ ကျေးလက်မီးလင်းရေး ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အလှူငွေရရှိမှု၊ လောင်စာရရှိမှုနှင့် ဓာတ်အားဖြန့်ဝေပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကုန်းမြင့်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ သွားရောက်၍ စာရေးစားပွဲနှင့် ထိုင်ခုံများကို ကျောင်းအုပ်ဆရာမကြီးထံသို့ ပေးအပ်လှူဒါန်းသည်။

### ပူးပေါင်းဆောင်ရွက်

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် တိုက်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်၍ အသင်းသားအသင်းသူများအား ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများ၊ ရပ်ရွာလုံခြုံရေးဆိုင်ရာ ကိစ္စများတွင် ဒေသဆိုင်ရာအာဏာပိုင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးမှာကြားသည်။

ပဲခူးတိုင်း(အနောက်ပိုင်း)အတွင်းရှိ မူလတန်းကျောင်းများအတွက် ယခုပညာသင်နှစ်အတွင်း လိုအပ်သည့် စာရေးစားပွဲနှင့်ထိုင်ခုံများကို ပထမအဆင့်အနေဖြင့် ဖြည့်ဆည်းပြီးပါက အလယ်တန်းကျောင်းများ အတွက် ဆက်လက် ပံ့ပိုးဖြည့်ဆည်းသွားရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပဲခူးတိုင်း(အနောက်ပိုင်း)က စီမံချက်ရေးဆွဲ ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

## ထောက်ပံ့ငွေများပေးအပ်

**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပဲခူးတိုင်း(အနောက်ပိုင်း)၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသော အသင်းဝင် ထူးချွန်ကျောင်းသူတစ်ဦးအား ပညာသင်ထောက်ပံ့ငွေများ ပေးအပ်စဉ်။**

(စွမ်းအင်)

**ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ငွေကြာရုံရိပ်သာနေ ဦးစိန်ထွန်းအောင်-ဒေါ်ထွေးညွန့် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။**

(က-ပ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

### ၁၅-၆-၂၀၀၆ (ကြာသပတေးနေ့)

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ယနေ့သိပ္ပံနှင့်နည်းပညာ (အေးသူမြင့်၊ သန္တာအေး) |
| ၇း၁၅ | တေးဂီတအစီအစဉ် |
| ၇း၂၀ | Graphic Design (ဦးမြင့်မောင်ကျော်၊ ဦးမျိုးမြတ်သူ) |
| ၇း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၀၀ | ခေတ်မီစတိုင်ကျ ရယ်ဒီမိတ်အထည်လှလှ |
| ၈း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈း၂၀ | ရွှေအမြုတေစာပေဆု ဆုပေးပွဲအခမ်းအနား |
| ၈း၃၀ | မိုးလေဝသခန့်မှန်းချက် |
| ၈း၃၅ | တေးဂီတအစီအစဉ် |
| ၈း၄၀ | တည်ဆောက်ရေးအတွက် မျက်နှာပန်းလှသည့်ထုတ်ကုန် သရက်ဘိလပ်မြေစက်ရုံ |
| ၈း၅၅ | တေးဂီတအစီအစဉ် |
| ၉း၀၀ | တန်(၃၀၀)ဆံ့ အအေးခန်းနှင့် ရေခဲစက်ရုံ (စစ်တွေ) |
| ၉း၀၅ | တေးဂီတအစီအစဉ် |
| ၉း၁၀ | သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (အများအကျိုးဆောင်သယ်ပိုး) |
| ၉း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၃၀ | သိပ္ပံအကြောင်းသိကောင်းစရာ (သိပ္ပံမှူးတင်) ဆေးရွက်ကြီးအန္တရာယ် |
| ၁၀း၀၅ | တေးဂီတအစီအစဉ် |
| ၁၀း၁၀ | သိမ်းဆည်းထားဝစဉ် မည့်ိုးပန်းအသွင် |
| ၁၀း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၃၀ | သင်ယူလေ့လာဂီတပညာ (လှရွှေစန္ဒရား သင်တန်းကျောင်း) |
| ၁၀း၄၅ | တေးဂီတအစီအစဉ် |
| ၁၀း၅၀ | ဒီဇိုင်းယဉ်ကျေးမှု |
| ၁၀း၅၅ | တေးဂီတအစီအစဉ် |
| ၁၁း၀၀ | အသုံးပြုစရာ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ |
| ၁၁း၂၀ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ | Music Talk (ဒေါက်တာဇော်သန်း၊ ပန်းအိဖြူ) |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ် ဆက်တိုက်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

# မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

**သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပြုစုပျိုးထောင်ထားမှုကို ဇွန် ၈ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်တို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်သန်း ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

## ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသတင်းများ

# ကာကာ၏ဂိုးဖြင့် ဘရာဇီးအသင်းအနိုင်ရ

ဘာလင် ဇွန် ၁၄

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(စ)တွင် ပါဝင်သည့် ဘရာဇီးအသင်းနှင့် ခရိုအေးရှားအသင်းတို့ ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ အိုလံပစ်အားကစားရုံတွင် အင်္ဂါနေ့က ယှဉ်ပြိုင်ကစားကြရာ ချန်ပီယံဘရာဇီးအသင်းက ခရိုအေးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

### ပထမဆုံးသောအသင်း

ဘရာဇီးအသင်းသည် ခရိုအေးရှားအသင်းကို အနိုင်ရရှိခြင်းဖြင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများတွင် ရှစ်ပွဲဆက်တိုက်အနိုင်ရရှိသည့် ပထမဆုံးသော အသင်းဖြစ်လာသည်။

ပွဲကစားချိန်အများစုတွင် ခရိုအေးရှားအသင်း၏ နည်းဗျူဟာများကို ဘရာဇီးအသင်းက ချေဖျက်ကစားနိုင်သည်။

ပွဲချိန် ၄၄မိနစ်တွင် ဘရာဇီးအသင်းမှ ကာကာက တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူခဲ့သည်။ ***အင်တာနက်။***

**ဘရာဇီး နောက်တန်းလူ လူစီယို(ယာ)နှင့် ခရိုအေးရှား တိုက်စစ်မှူး ဒါဒိုပရာဆိုတို့ ဘောလုံးရရှိရေး ကြိုးပမ်းကြစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## ပြင်သစ်နှင့် ဆွစ်ဇာလန် ဂိုးမရှိသရေကျ

စတုဂတ် ဇွန် ၁၄

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ဆ)တွင် ပါဝင်သော ပြင်သစ်အသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ ဂျာမနီနိုင်ငံ စတုဂတ်မြို့တွင် အင်္ဂါနေ့ကယှဉ်ပြိုင်ကစားရာ ဂိုးမရှိ သရေကျခဲ့ကြသည်။

၁၉၉၈ခုနှစ်တွင် ဗိုလ်စွဲခဲ့သည့် ပြင်သစ်အသင်းသည် ဆွစ်ဇာလန်အသင်းကို ကျော်လွှားနိုင်ခြင်းမရှိပေ။ ယခုပွဲတွင် ဂိုးမရှိသရေကျခြင်းကြောင့် ပြင်သစ်အသင်း၏ တာထွက်မှုမှာ ကျေနပ်ဖွယ်အဆင့်သို့ မရောက်ရှိဟု ဆိုရမည်ဖြစ်သည်။ ***အင်တာနက်။***

**ပြင်သစ်အသင်းမှ ဇီဒန်းနှင့် ဆွစ်ဇာလန်အသင်းမှ ရီကာဒို ကာဘာနက်စ်တို့ တွေ့ဆုံစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ

# အီကွေဒေါ၊ အင်္ဂလန်နှင့်ဆွီဒင်အသင်းတို့ ခြေသာ

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အသင်းအားလုံးတစ်ပွဲစီကစားပြီးကြပြီဖြစ်သည်။ ယနေ့တွင်ဒုတိယအကျော့ ပြန်လည်ကစားနေကြပြီဖြစ်သည်။ ယနေ့ပွဲစဉ်အဖြစ်အုပ်စု(က)မှနှစ်သင်းနှင့်အုပ်စု(ခ)မှ အသင်းအားလုံးကစားကြလိမ့်မည်။

အီကွေဒေါ-ကော်စတာရီကာ၊ အင်္ဂလန်-ထရီနီဒက်၊ ဆွီဒင်-ပါရာဂွေး အသင်းတို့ ကစားကြမည်။

## ဂမ်ဆိုင်း

### အီကွေဒေါ-ကော်စတာရီကာ

**၁၅-၆-၂၀၀၆**
**ဟမ်းဘတ်ကွင်း**
**အချိန်-ည ၇း၃၀ နာရီ၊ ကြာသပတေးနေ့**
**(မြဝတီမှပြန်လည်ထုတ်လွှင့်ပြသမည်။)**

အီကွေဒေါအသင်းသည် ပိုလန်ကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရထားသည်။ ကော်စတာရီကာက ဂျာမနီကို ရှုံးထားသည်။ ထို့ကြောင့် ကော်စတာရီကာအနေဖြင့် အုပ်စုကျွတ်ရန် အစွမ်းကုန်ကစားရမည့်ပွဲဖြစ်သည်။ အီကွေဒေါကလည်း သရေအထိကစားနိုင်သည်။ မည်သို့ပင်ဖြစ်စေ ယခုပွဲသည် ပွဲကောင်းတစ်ပွဲဖြစ်လိမ့်မည်ဟု ခန့်မှန်းရပေသည်။

ကော်စတာရီကာသည် ဂျာမနီနှင့် ကစားသောပွဲ၌ သင့်တင့်လျောက်ပတ်သော ခြေစွမ်းရည်ရှိသည်။ ရှေ့၊ လယ်၊ နောက် ညီသည်။ ရှေ့တန်းမှ တိုက်စစ်မှူးများသည် အနီးကပ် အပေးအယူလုပ်ပြီး ထိုးဖောက်တတ်သည်။ တစ်ခါတစ်ရံအမြင့်ဘောများဖြင့်လည်း ထိုးဖောက်တတ်သည်။ ကော်စတာရီကာ၏အသက်သည် ကွင်းလယ်တွင်ရှိသည်။

အီကွေဒေါသည် ကစားအားကောင်းသော အသင်းတစ်သင်းဖြစ်သည်။ ပိုလန်နှင့်ပွဲတွင် နောက်တန်းမှ အသင်းခေါင်းဆောင် ဟာတာဒိုနှင့် ဒီလာခရုဇ်တို့က ခံစစ်ကြောင်းကို လုံခြုံအောင်ကစားသွားသည်။ အလယ်တန်းမှ မန်းဒက်ဇ်က ရှေ့တန်းတိုက်စစ်မှူးများဖြစ်သော ဒယ်လ်ဂါဒိုနှင့် တီနိုရီယိုတို့ကို အကောင်းဆုံး ပံ့ပိုးပေးသွားသည်။

ကော်စတာရီကာက ကစားကွက်ဖြင့် ပုံဖော်ကစားတတ်သည်။ အီကွေဒေါ အင်နှင့်အားဖြင့် ထိုးဖောက်ကစားသည်။ ကွင်းလယ်ပိုင်း၌ အီကွေဒေါထက် ကော်စတာရီကာက ပို၍ကောင်းသည်။ အားလုံးခြုံကြည့်လျှင် နှစ်သင်းခြေညီသည်။

လက်ရှိအနေအထားအရ အီကွေဒေါက အပေါ်စီးမှ ကစားရမည်။ ကော်စတာရီကာက အောက်မှလိုက်ကစားရမည်။ အီကွေဒေါဤပွဲနိုင်မှ အုပ်စုတက်ရန် မျှော်လင့်နိုင်သည်။ ကော်စတာရီကာ ခံကန်မည့် အနေအထားရှိသည်။ အနည်းဆုံးသရေကျသွားနိုင်သည်။ အီကွေဒေါနိုင်လျှင်လည်း ပွတ်ကာသီကာပဲ ဖြစ်နိုင်သည်။

ဂျာ မ နီ နိုင် ငံ ဂျူးရင်ဘတ်မြို့တွင် အင်္ဂလန် အသင်းမှ ဝိန်းရူနီ လေ့ကျင့်ကစားနေသည်ကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

### အင်္ဂလန်-ထရီနီဒက်

**၁၅-၆-၂၀၀၆**
**နူရင်ဘတ်ကွင်း**
**အချိန်-ည ၁၀း၃၀ နာရီ၊ ကြာသပတေးနေ့**
**(မြဝတီမှတိုက်ရိုက်ထုတ်လွှင့်ပြသမည်။)**

လောလောဆယ်တွင် အင်္ဂလန်က သုံးမှတ်ရထားသည်။ ထရီနီဒက်က ဆွီဒင်ကိုသရေကစားထားသောကြောင့် တစ်မှတ်ရနေသည်။ အင်္ဂလန်က ယခုပွဲ အနိုင်ရရှိခဲ့လျှင် အုပ်စုတက်ရန် သေချာသလောက်ရှိသည်။ ထရီနီဒက်ကလည်း အနည်းဆုံး သရေကျခဲ့မည်ဆိုလျှင် နှစ်မှတ်ရနိုင်သည်။ ပိုလန်ပွဲကို အနိုင်ကစားနိုင်မည်ဆိုလျှင် ထရီနီဒက်အနေဖြင့် အုပ်စုကျွတ်ဖို့ မျှော်လင့်နိုင်သည်။

မည်သို့ပင်ဖြစ်စေ အင်္ဂလန်နှင့် ထရီနီဒက်တို့ပွဲသည် ကြည့်ကောင်းမည့် ပွဲတစ်ပွဲဖြစ်ပါလိမ့်မည်။ အမှန်အတိုင်း ဝေဖန်သုံးသပ်ရလျှင် ယနေ့အင်္ဂလန်အသင်းသည် အညံ့ဆုံးဟု ဆိုရမည်ဖြစ်သည်။ ပါရာဂွေးကို နိုင်မည့်သာနိုင်လိုက်သည်။ ကစားပုံညံ့သည်။ ရသောဂိုးမှာလည်း ပါရာဂွေး ကိုယ့်ဂိုးကိုယ်သွင်းမိသောကြောင့်ဖြစ်သည်။ ရှေ့တန်းတွင် တိုက်စစ်မှူးလည်းမရှိ။ ရှိသော အိုဝင်ကလည်း ခြေစွမ်းမပြနိုင်ဘဲဖြစ်နေသည်။ အလယ်တန်းနှင့် နောက်တန်းသာ ကောင်းသည်။

ဆွီဒင်နှင့်ကစားသွားသော ထရီနီဒက်ခြေရည်သည် အံ့မခန်းကောင်းသည်။ အထူးသဖြင့် ဂိုးသမားကောင်းသည်။ ဒုတိယပိုင်းတစ်ယောက်လျော့ဖြင့် ကစားသော ထရီနီဒက်၏ ခံစစ်ကြောင်းသည် မည်မျှကောင်းသည်ကို ပရိသတ်ခန့်မှန်းနိုင်မည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အင်္ဂလန်နှင့်ထရီနီဒက်ကို နှိုင်းယှဉ်ကြည့်လျှင် အစဉ်အလာအရ ဘောလုံးအင်အားကြီး တစ်သင်းအနေအရ လူအင်အားအနေအရ အင်္ဂလန်အသင်းအားလူကြိုက်များမည်ဖြစ်သည်။ အင်္ဂလန် သေချာပေါက်နိုင်မည်ဟု တွက်ကြမည်။ နောက်ဆုံးကစားခဲ့သော ခြေစွမ်းများအရ ဆိုလျှင် အင်္ဂလန်ကထရီနီဒက်ကို ဂိုးပြတ်နိုင်ဖို့ အလွန်ခက်ခဲသည်။ နိုင်လျှင်လည်း တစ်ဂိုးလောက်ပဲ ဖြစ်နိုင်သည်။ သရေတောင် ကျသွားနိုင်သည်ဟု ထင်မြင်မိသည်။

### ဆွီဒင်-ပါရာဂွေး

**၁၆-၆-၂၀၀၆**
**ဘာလင်ကွင်း**
**အချိန်-နံနက် ၁း၃၀ နာရီ၊ သောကြာနေ့**
**(မြဝတီမှတိုက်ရိုက်ထုတ်လွှင့်ပြသမည်။)**

ဆွီဒင်က ထရီနီဒက်ကို သရေကျသောကြောင့် တစ်မှတ်ရထားသည်။ ပါရာဂွေးက အင်္ဂလန်ကိုရှုံး၍ တစ်မှတ်မှမရသေးဘဲရှိသည်။ ဆွီဒင်က အုပ်စုတက်ရန် မျှော်လင့်ချက်ရောင်ခြည်ရှိသည်။ ပါရာဂွေးမှာ အုပ်စုမှတက်ရန် မနည်းရုန်းကန်ရလိမ့်မည်။

ပါရာဂွေးသည် အင်္ဂလန်နှင့်ကစားသောပွဲတွင် ကောင်းသည်။ ကွင်းလယ် အဖျက်ခံရသောကြောင့်သာ အင်္ဂလန်ဘက်သို့ ဂိုးမသွင်းနိုင်ခြင်းဖြစ်သည်။ ရှေ့၊ လယ်၊ နောက် မျှသည်။ အင်္ဂလန်နောက်တန်းကောင်း၍သာ ပါရာဂွေး ဂိုးမရခြင်းဖြစ်သည်။ အထူးသဖြင့် ပါရာဂွေးနောက်တန်းကလည်း အင်္ဂလန်ကဲ့သို့ပင်ကောင်းသည်။ ၎င်းခြေစွမ်းမျိုးဖြင့် ဆွီဒင်အသင်းကို ကောင်းကောင်း ယှဉ်ပြိုင်ကစားနိုင်သည်။

ဆွီဒင်သည် ထရီနီဒက်နှင့် ကစားသောပွဲ၌ ကံခေလွန်းသည်ဟု ပြောရမည်ဖြစ်သည်။ ဒုတိယပိုင်းတစ်ယောက်အသာနှင့် ကစားရသော်လည်း ဂိုးရအောင် မသွင်းနိုင်ခြင်းက အုပ်စုကျွတ်ရေး ရောင်ခြည်ကိုမှဲ့သွားစေသည်။ ထရီနီဒက် ဂိုးပေါက်ထဲ တစ်ဒိုင်းဒိုင်းသွင်းသော်လည်း ဂိုးသမားကောင်းလွန်းသောကြောင့် ဂိုးမရခြင်းဖြစ်သည်။ ဆွီဒင်ကစားပုံ ကောင်းသည်။ အထူးသဖြင့် တိုက်စစ် ပါဝါရှိသည်။

နှစ်သင်း၏ လူအနေအထား၊ ကစားပုံ၊ ကစားအားများကို လေ့လာကြည့်ရာတွင် ဆွီဒင်က ပါရာဂွေးထက်ပို၍ကောင်းသည်။ ထို့ကြောင့် စာရေးသူက ဆွီဒင်ကို ပိုသဘောကျသည်။ သို့သော် ဆွီဒင်အသင်းအနေဖြင့် ပါရာဂွေးကို ဂိုးပြတ်သွင်းနိုင်ဖို့ ခက်လိမ့်မည်ဖြစ်သည်။ ပါရာဂွေး၏ နောက်တန်းသည် ထရီနီဒက် နောက်တန်းကဲ့သို့ပင် မာပြီးတောင့်တင်းသည်။ ထို့ကြောင့် ဆွီဒင်အနေဖြင့် ပွတ်ကာသီကာပင်နိုင်ဖွယ်ရှိသည်။

### သန်လျင်ဂေါက်ကလပ်၌ တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် ဇွန် ၁၄**

ဦးထက်အောင် (S.S.M) Mobile Phone Shop သည် သန်လျင်ဂေါက်ကလပ်၌ ဇွန် ၈ ရက် ညနေ ၅ နာရီတွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၇)သို့ ၉၂ ကိုက်အကွာမှ DUNLOP No-2 ဘောလုံးအား Callaway Sandwedge တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးထွန်းထွန်း၊ ဦးစိုင်းညီပီး၊ ဦးကျော်ဌေး၊ ဦးစိုးထွန်းတို့နှင့်အတူ ကစားခဲ့သည်။ (ကြေးမုံ)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

**ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်းရှိ မြသိန်းတန်အောင်ဓမ္မာရုံကြီးတွင် တိုးချဲ့ဆောက်လုပ်မည့် စွယ်တော်မြတ်ဂန္ဓကုဋိတိုက်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇွန် ၁၀ ရက်က ပြုလုပ်ရာ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ဆောက်လုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်(ကေသီပန်) တို့က မင်္ဂလာပန္နက်တင်ကြစဉ်။**

(၀၄)

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) တိုးချဲ့မြေကွက်သစ် ဝယ်ယူရန်အတွက် မော်လမြိုင်ကျွန်းမြို့မှ ဦးသောင်းညွန့်-ဒေါ်တင်ကြည် ရွှေမြန်မာစက်ဆိုင် မိသားစုတို့က အလှူတော်ငွေကျပ်နှစ်သိန်းကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဦးသောပါကထံ ဆက်ကပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

**ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ဗိုလ်တထောင်ဘုရားကြီးကျောင်းတိုက် သီရိမင်္ဂလာကျောင်း ဆရာတော် ဘဒ္ဒန္တသူရိယ၏ သက်တော်(၈၄)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။**

(ဘိုးဘွားရိပ်သာ)

**သန်လျင်မြို့ အမှတ်(၃) မင်္ဂလာမြို့သစ် အနောက်ရပ်ကွက်နေ ဦးလှထွန်းအား ရည်စူး၍ ဇနီး ဒေါ်သန်းအေးနှင့် သားသမီးတစ်စုက ဖားအောက်တောရရိပ်သာအတွက် ငွေကျပ်နှစ်သိန်း၊ သန်လျင်သာသနာ့ဗိမာန်တော်အတွက် ငွေကျပ်တစ်သိန်းငါးသောင်း၊ သန်လျင်နာရေးကူညီမှု အသင်းသို့ ငွေကျပ် တစ်သိန်း စုစုပေါင်း ငွေကျပ် ၄၅၀၀၀၀ကို ဇွန် ၁၁ရက်က ပေးအပ်လှူဒါန်းရာ အငြိမ်းစား တိုင်းပညာရေးမှူး ဆရာကြီး ဦးတင်ရှိန် လက်ခံယူစဉ်။**

(၅၂၇)

- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ် နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော် ကြည့်ရှုရလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာနေရာအတွက် စာရေး သူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကျိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းပေးထားသည် —

# စိုးမြကျော် ၏
# အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်
# ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀) ရောင်းဈေး ၃၅၀/-

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၁၄၄၈၊ ၂၄၉၀၃၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့။ ဖုန်း - ၂၉၄၃၀၆

# တောင်သမန်သစ္စာ ရှေ့ဆောင်ရုံ၌ ပြသ နိုင်ငံခြားကားများ တစ်ကျော့ပြန်တင်ဆက်

ရုပ်ရှင်

ရန်ကုန် ဇွန် ၁၄

ယခုသောကြာပတ် ဇွန် ၁၆ရက်တွင် ပြသဆဲ မြန်မာရုပ်ရှင်ကားဖြစ်သည့် **“တောင်သမန်သစ္စာ”** ဇာတ်ကား တစ်ကားတည်းသာ ရှေ့ဆောင်ရုံတွင် ဆက်လက်ပြသမည်ဖြစ်သည်။

**တောင်သမန်သစ္စာ**

တောင်သမန်သစ္စာ ဇာတ်ကားကို လှိုင်ရုပ်ရှင်ထုတ်လုပ်ရေးမှ ပွဲဦးထွက် ရိုက်ကူးထုတ်လုပ်ထားခြင်းဖြစ်သည်။ ကလျာ(ဝိဇ္ဇာ/သိပ္ပံ)၏ ဝတ္ထုကို ဒါရိုက်တာ အကယ်ဒမီမောင်နန္ဒ မကွယ်လွန်မီ နောက်ဆုံး ရိုက်ကူးသွားခြင်းဖြစ်သည်။ ရန်အောင်၊ ရဲအောင်၊ ဒွေး၊ မေသန်းနု၊ နန္ဒာလှိုင်နှင့် နဝရတ်တို့ ခေါင်းဆောင်ပါဝင်ထားကြသည်။

**နိုင်ငံခြားရုပ်ရှင်**

နေပြည်တော်ရုံတွင် ဒါရိုက်တာ Wolf Gang Peterson ရိုက်ကူးသည့် Poseidon အမည်ရှိ ဇာတ်ကား သစ် ဇွန် ၉ရက် (သောကြာနေ့)မှစ၍ ရုံတင်ပြနေသည်။ ၎င်းဇာတ်ကား၏ ဇာတ်လမ်းမှာ မြောက်အတ္တလန္တိတ် သမုဒ္ဒရာအတွင်းသို့ ခုတ်မောင်းလာသော ပိုဆီဒွန်အမည်ရှိ အပျော်စီးသင်္ဘောကြီး လှိုင်းဒဏ်ကြောင့် နစ်မြုပ်သွားရာမှ ခရီးသည်များ အသက်ရှင်နိုင်ရေး စုပေါင်းကြိုးစား ရုန်းကန်ရပုံကို သည်းထိတ်ရင်ဖိုဖွယ် ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

**ဇောရိုး**

သမ္မတရုပ်ရှင်ရုံတွင်လူစွမ်းကောင်းကြီး ဇောရိုး၏ ဘဝဇာတ်ကြောင်းကို ရိုက်ကူးထားသည့် စွန့်စားမှုအသားပေး The Legend of Zorro ဇာတ်ကားကိုပြီးခဲ့သည့် သောကြာနေ့မှစ၍ ရုံတင်ပြသနေသည်။

**တစ်ကျော့ပြန်ပြသ**

မင်္ဂလာရုံတွင် ဒါရိုက်တာ Tsui Hark ရိုက်ကူးသည့် Seven Swords သိုင်းပညာ အသားပေး ဇာတ်ကား ယခုသောကြာမှစ၍ တစ်ကျော့ပြန်ပြသမည်ဖြစ်သည်။

သွင်ရုံတွင် ဒါရိုက်တာ Bruce Hunt ရိုက်ကူးသည့် The Cave ဇာတ်ကား သောကြာနေ့တွင် တစ်ကျော့ ပြန်ပြသမည်ဖြစ်သည်။

(ကြေးမုံ)

**ရှေ့ဆောင်ရုံတွင် ဆက်လက်ပြသနေသည့် တောင်သမန်သစ္စာ ဇာတ်ကားမှ ဒွေးနှင့် နန္ဒာလှိုင်တို့၏ သရုပ်ဆောင်ဟန်ကို ရှုစားရစဉ်။**

**ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကျောက်ကုန်းရပ်ကွက် တပင်ရွှေထီးလမ်းနေ ဒေါ်စိန်စိန် မွေးနေ့အလှူနှင့် ဒေါ်မိမိလေး မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော်ကြီးအတွက် ဆေးပဒေသာပင် အလှူငွေ ကျပ်၁၀၁၀၀၀ကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

**ကွယ်လွန်သူ ဦးကျော်ဇံ(ခ) ဦးကီးအားရည်စူး၍ မော်လမြိုင်မြို့နေ ဒေါ်ကျင်ထွေးနှင့် မိသားစုများက ဇွန် ၈ရက်တွင် မော်လမြိုင်မြို့ စေတနာ နာရေးကူညီမှုအသင်းအတွက် ကျပ် ၁၂၀၀၀၀ တန် ရေအေးသောက်ရေသန့်စက် လှူဒါန်းရာ ဥက္ကဋ္ဌ ဦးကျော်ဇင် လက်ခံယူစဉ်။**

(၃၀၇)

# ပေါင်းမြက်ရှင်း

**ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်းကို ဇွန် ၁၀ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဟန်ကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျောက်မဲမြို့နယ် မိုင်းငေါ်မြို့ နွေစပါးတစ်ဆက်တစ်စပ်တည်း ဆင်းရွှေလီ(၈၀၂) အမျိုးအစား စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အခွန်လွတ်ဈေးကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲ–မိုင်းငေါ့–နမ့်ဆန်လမ်းတစ်လျှောက်ရှိ လယ်နှင့် ဒေသစိုက်ပျိုးရေးအခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ ကျောက်မဲတပ်နယ်မှ ဗိုလ်မှူးချုပ်စံမြင့်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၀ရက် နံနက်ပိုင်းတွင် ကျောက်မဲမြို့မှ ကျောက်မဲ–မိုင်းငေါ့–နမ့်ဆန်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ ကျောက်မဲမြို့နယ် မိုင်းငေါ့မြို့အဝင်ရှိ နွေစပါး တစ်ဆက်တစ်စပ်တည်း ဆင်းရွှေလီ(၈၀၂) အမျိုးအစား ဧက ၄၁၀ စိုက်ခင်းသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ဒေသခံတို့က ဆင်းရွှေလီ(၈၀၂) **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

# ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အခွန်လွတ်ဈေးများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၄

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။**

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၆နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် မာန်ပြေရပ်ကွက် ယမုံနာနှင့် မြင်တော်သာလမ်းထောင့်ရှိ ရှုခင်းသာ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ရောက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၆)ရပ်ကွက် ပြည်ထောင်စုလမ်းမရှိ ဒဂုံမြို့သစ်(တောင်ပိုင်း) အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် **စာမျက်နှာ ၉ ကော်လံ ၆ သို့** ✳

**ယနေ့မိုးလေဝသ**

(၁၅–၆–၂၀၀၆)

**နေပြည်တော်**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**ရန်ကုန်**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**မန္တလေး**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

# ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ဇ)ပြိုင်ပွဲ စပိန်က ယူကရိန်းကို ဂိုးပြတ်အနိုင်ရရှိ

လိုက်ပ်ဇစ် ဇွန် ၁၄

**ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(ဇ)တွင် ပါဝင်သော စပိန်နှင့်ယူကရိန်းအသင်းတို့ ဂျာမနီနိုင်ငံ လိုက်ပ်ဇစ်မြို့တွင် ဇွန် ၁၄ ရက်က ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက ယူကရိန်းအသင်းကို လေးဂိုး–ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိသည်။**

စပိန်အသင်းသည် ကစားကွက်ကောင်းမွန်ပြီး ယူကရိန်းအသင်းမှာမူ ဒုတိယပိုင်းပွဲကစားချိန်အများစုတွင် ၁၀ ဦးတည်းဖြင့် ကစားခဲ့ရသည်။

ပွဲချိန် ၁၃ မိနစ်တွင် အလွန်ဆို ကန်သွင်းသောဂိုးဖြင့် စပိန်အသင်း ဦးဆောင်ကစားနိုင်ခဲ့သည်။ ဇာဗီဟာနန်ဒက်ဇ်၏ ထောင့်ကန်ဘောမှတစ်ဆင့် အလွန်ဆိုက ခေါင်းတိုက်သွင်းယူခဲ့ရာ ယူကရိန်းဂိုးသမား ရှော့ဘော့ဗ်စကီး ကာကွယ်နိုင်ခြင်းမရှိဘဲ ဂိုးဝင်သွားသည်။



နောက်ထပ် လေးမိနစ်အကြာတွင် စပိန်အသင်းမှ ဗီလာက ဒုတိယမြောက်ဂိုးကို ဖရီးကစ်မှတစ်ဆင့် ကန်သွင်းခဲ့သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍

**ယူကရိန်းအသင်းမှ ရီးဘရော့ဗ်နှင့် စပိန်အသင်းမှ ဒေးဗစ် အယ်လ်ဘယ်ဒါတို့ ဘောလုံးကို ရယူရန် ကြိုးပမ်းစဉ်။**

(ဓာတ်ပုံ–အင်တာနက်)